


# ကိလေသာကြားထိုးရင် ဖြစ်ပျက်ရှု

(ပုဂ္ဂိုလ်လေးမျိုး)

(၄–၉–၁၉၆၁)

၁၀၇

ကျေးဇူးတော်ရှင် မဟာထေရ်
အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာ(၄)ပါးတရားတော် အမှတ်စဉ်(၁၈) မှ
ထုတ်နှုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ကိလေသာကြားထိုးရင် ဖြစ်ပျက်ရှု

(ဗုဒ္ဓိလှည်းလေးမျိုး)

(၄-၉-၆၁)

ဒီ–အိုဘေး နာဘေး၊ သေဘေးဟာ တဏှာ၏ လက်ချက်ပဲဆိုတာ သေသေချာချာ မှတ်ရမယ်...။ (မှန်ပါ့ ဘုရား)။

အိုဘေး၊ နာဘေး၊ သေဘေးဟာ ဘယ်သူ၏ လက်ချက်ပါလိမ့်...(တဏှာ၏လက်ချက်ပါဘုရား)။

တဏှာ၏လက်ချက်ကို ဒကာ ဒကာမတွေက သိထားတော့ တဏှာကို နိုင်တာရှာမယ်ဟာ ဆိုပြီးသကာလ ဒကာ ဒကာမတွေက ရှာကြပါနော်...။ (မှန်ပါ့)။

တဏှာသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် မဂ်ကမှ နိုင်တယ်လို့လဲ မှတ်ထားကြပါ...။ (မှန်ပါ့)။

အဲဒီကဲ့သို့ မဂ်က နိုင်တော့ ဒီမဂ်ဖြင့် အရယူမှုပဲ၊ ဒီတဏှာကြောင့် အိုဘေး၊ နာဘေး၊ သေဘေးတွေ၊ အပါယ်ဘေးတွေဖြစ်နေတဲ့ဥစ္စာ သုံးဆယ့်တစ်ဘုံမှာ အိုအောင်၊ နာအောင်၊ သေအောင်၊ အပါယ်လေးပါးရောက်အောင် လုပ်တတ်တာကဖြင့် တဏှာပဲဆိုပြီးသကာလ၊ ဒီ တဏှာကို ဖြင့် မဂ်မှပဲ နိုင်တယ်ဆိုပြီးသကာလ မဂ်ဉာဏ်ပေါ်အောင် ဒကာ ဒကာမတွေက ကြိုးစားရမယ်...။ (မှန်ပါ့ဘုရား)။

**ပထမပုဂ္ဂိုလ်**

အဲဒီကဲ့သို့ မဂ်ဉာဏ်ပေါ်အောင် ကြိုးစားတဲ့အခါကျ တော့ ကျင့်ရတာကလဲ ဆင်းရဲ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ပေါ်လာ တာကလဲ နှေးတယ်...။ (မှန်ပါ့)၊ ဒီလို ပုဂ္ဂိုလ်လဲ ရှိတယ်...။ (မှန်ပါ့)။

ကျင့်တုန်းကတော့ ဘာတဲ့...(ဆင်းရဲပါတယ်)၊ မဂ် ဉာဏ် ပေါ်ဖို့ဟာကျတော့...(နှေးတယ်)၊ ဩော်...ဒီလိုပုဂ္ဂိုလ် က တစ်မျိုးပါလား...။ (မှန်ပါ့)။

ကျင့်ရတာကတော့ ဘာတဲ့...(ဆင်းရဲပါတယ်)၊ အို... ရောဂါတွေကြားထဲ ဟိုရွှေ့ချင်၊ ဒီရွှေ့ချင်နဲ့ ထမင်း ဆာ သလိုလို၊ အညောင်းကများသလိုလို၊ သလိပ်ကကပ်သလိုလို၊ ဝမ်းက နာသလိုလိုနဲ့ ကျင့်ရတာကတော့ ဒကာကြွယ် ဆင်းရဲတယ်...။ (မှန်ပါ့ဘုရား)။

ပြီးတော့ ဒီဒုက္ခချုပ်ငြိမ်းတဲ့ နိဗ္ဗာန်မြင်ဖို့ရာ, မဂ်ဉာဏ် ပေါ်ဖို့ရာကတော့ နှေးတယ်...။ (မှန်ပါ)၊ ဩော်... ဒီလို ပုဂ္ဂိုလ်မျိုးလဲ တစ်မျိုးလို့ မှတ်စမ်းပါ...။ (မှန်ပါ)။

ဆင်းဆင်းရဲရဲကျင့်၍ မဂ်ဉာဏ်အပေါ် နှေးတာက တစ်မျိုး...(မှန်ပါ)၊ ဒါ တစ်ယောက်နော်...။ (မှန်ပါ)။

ဘယ်လိုကျင့်ရပါလိမ့်...(ဆင်းဆင်းရဲရဲကျင့်ရပါတယ် ဘုရား)၊ မဂ်ဉာဏ်အပေါ်ကျတော့ နှေးတယ်...။ (မှန်ပါ)။

ဩော်...ဒီလိုပုဂ္ဂိုလ်လဲ ရှိတယ်...။ (မှန်ပါ)၊ မှတ်မိ ကြပလား...။ (မှတ်မိပါပြီဘုရား)။

**ဒုတိယပုဂ္ဂိုလ်**

ဒုတိယပုဂ္ဂိုလ်ကတော့ ဒကာ ဒကာမတို့ ဆင်းဆင်း ရဲရဲတော့ သူ ကျင့်တာပဲ...(မှန်ပါ)၊ မဂ်ဉာဏ်ပေါ်လာတဲ့ အခါ သူက မြန်သတဲ့...(မှန်ပါ)၊ အင်း...ဒီ ပုဂ္ဂိုလ်ကလဲ တစ်မျိုးပဲလို့ ဒကာ ဒကာမတွေ မှတ်ရမယ်...။ (မှန်ပါ)။

ဘယ်နှစ်မျိုးရှိသွားပလဲ...(နှစ်မျိုးရှိသွားပါပြီ)၊ အင်း- ဒုတိယပုဂ္ဂိုလ်က ကျင့်ရတာကတော့ ဘာတဲ့...(ဆင်းရဲပါ တယ်)၊ မဂ်ဉာဏ်ပေါ်လာတာက...(မြန်ပါတယ်ဘုရား)၊ ဩော်...ဒီ ပုဂ္ဂိုလ်ကလဲ တစ်မျိုးပဲလို့ဆိုတာ မှတ်ရလိမ့်မယ်...။ (မှန်ပါ)၊ ဘယ်နှစ်မျိုး ရှိသွားပလဲ...(နှစ်မျိုး ရှိသွားပါပြီ ဘုရား)။

နှစ်မျိုးရှိသွားပြီတဲ့…ဒကာ ဒကာမတို့၊ လေးမျိုး စေ့အောင် နာကြပါနော်…။ (မှန်ပါ့)၊ စတုက္ကနိပါတ်အင်္ဂုတ္တိုရ်မှာ လာပါတယ်…၊ အားတော့ လျှော့စရာ တစ်ကွက်မှ မရှိပါဘူး…။ (မှန်ပါ့ဘုရား)။

**တတိယပုဂ္ဂိုလ်**

အချို့အချို့ပုဂ္ဂိုလ်ကျတော့ကိုတဲ့ ချမ်းချမ်းသာသာနဲ့ ကျင့်ရပါတယ်တဲ့ ဒကာ ဒကာမတို့နော်…။ (မှန်ပါ့)။

ဘာတဲ့တုံး…။ (ချမ်းချမ်းသာသာနဲ့ ကျင့်ရပါတယ်ဘုရား)၊ မဂ်ဉာဏ်ပေါ်ကျတော့ နှေးတယ်…။ (မှန်ပါ့)၊ အင်း…သူကလဲ တစ်မျိုးပဲ…။ (မှန်ပါ့)၊ ဘယ်နှစ်မျိုးရှိသွားပလဲ…။ (သုံးမျိုးရှိသွားပါပြီဘုရား)။

**စတုတ္ထပုဂ္ဂိုလ်**

အချို့အချို့ပုဂ္ဂိုလ်ကျတော့ ဒကာ ဒကာမတို့ ကျင့်ရတာကလဲ ချမ်းချမ်းသာသာ…(မှန်ပါ့)၊ သဘောကျပလား…၊ မဂ်ဉာဏ်ပေါ်တာကလဲ မြန်သတဲ့…။ (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ သူက ဘယ်လိုပါလိမ့်ဗျာ…(ကျင့်ရတာကလဲ ချမ်းသာပါတယ်)၊ ဉာဏ်ပေါ်တာကလဲ…(မြန်ပါတယ်)၊ မဂ်ဉာဏ်ပေါ်တာကလဲ မြန်တယ်…။ (မှန်ပါ့)။

ဩော်...ဒါဖြင့် , လောကကြီးထဲမှာဖြင့် ဒကာ ဒကာမတို့ ပုဂ္ဂိုလ်လေးမျိုး ရှိတယ်...။ (မှန်ပါ့)၊ ပုဂ္ဂိုလ် လေးမျိုး ရှိတော့ကို ၁–နံပါတ်ပုဂ္ဂိုလ် ပြန်ပြီး ရှင်းပေးပါ ဦးမယ် ဒကာ ဒကာမတို့...(မှန်ပါ့)။

**ပုဂ္ဂိုလ်လေးမျိုး**

ဆင်းဆင်းရဲရဲ ကျင့်ပြီးသကာလ မဂ်ဉာဏ်ပေါ်တာ မြန်တာက တစ်ယောက်...(မှန်ပါ့)၊ချမ်းချမ်းသာသာကျင့်ရပြီ သကာလ ဒကာ ဒကာမတို့ မဂ်ဉာဏ်ပေါ်တာ နှေးတာက... (တစ်ယောက်ပါ)၊ ချမ်းချမ်းသာသာလဲ ကျင့်ရတယ်၊ မဂ်ဉာဏ် ပေါ်တာလဲ မြန်တယ်...။ (အဲဒါက တစ်ယောက်ပါဘုရား)၊ အားလုံး ဘယ်နှစ်ယောက်ပါလိမ့်...။(လေးယောက်ပါဘုရား)။

ကောင်းပြီ၊ ဒီလိုသိထားတော့မှ ဩော်...မဂ်ဉာဏ်က တော့ **ပေါ်ကြတာ**ချည့်ပဲ...(မှန်ပါ့)၊ ဒုက္ခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်မြင်တဲ့ မဂ်ဉာဏ်ကတော့ဖြင့် ဒကာကြွယ် ပေါ်တာ ချည့်ပဲ...။ (ပေါ်တာချည့်ပါဘုရား)။

သို့သော်...ကျင့်ပုံကျင့်နည်းကဖြင့် လေးမျိုးရှိတယ်...။ (မှန်ပါ့)၊ ဆင်းဆင်းရဲရဲကျင့်ရတာက နှစ်ယောက်...(မှန်ပါ့)၊ ချမ်းချမ်းသာသာကျင့်ရတာက နှစ်ယောက်၊ ဒကာ ဒကာမ တို့ လေးမျိုးရှိတယ်၊ ဘုရားက ဟောတယ်...။ (ဟောပါ တယ် ဘုရား)။

ကိုင်း…တရားနာလုံးသွင်းကြ၊ တရားနာလုံးသွင်းကြ၊ အခု တရားအားထုတ်တဲ့ ဒကာ ဒကာမတွေထဲမှာလဲ ဒီလေးမျိုးဟာ ငါ ဘယ်အမျိုးမျိုးလဲ ဆိုတာကိုလဲ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက် ချကြနော်…။ (မှန်ပါ)၊ အားလျှော့စရာတော့ တစ်ကွက်မှ မပါဘူးဆိုးတာကိုလဲ ကိုယ့်ဟာကိုယ် မှတ်ထားကြ…။ (မှန်ပါ)။

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တော့ မရလဲမရှိဘူး…။ (မှန်ပါ)၊ နှေးတာနဲ့ မြန်တာတော့ ကွာကြပါလိမ့်မယ်…။ (မှန်ပါ)။

အဲဒီတော့ကို အရှင်ဘုရားက တပည့်တော်တို့ ဒကာ ဒကာမတွေကတော့ အရှင်ဘုရားများလိုပဲ ကျမ်းဂန်မနဲ့တော့ တပည့်တော်တို့ အကုန်ရထိုက်တဲ့အထဲ သွင်းရမလားလို့ ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ သူ့အလုပ်ကပဲ ပြောလာလိမ့်မယ်…။ (မှန်ပါ)၊ အလုပ်ကပြောလာတော့ သံသယရှိစရာ လိုသေးရဲ့လား…။ (မလိုပါဘုရား)။

## ကိုယ့်ကိုယ်ကိုယ် အကဲခတ်ဖို့တရား လေးပါး

အဲဒါကြောင့် ဒကာ ဒကာမတို့ ကိုယ့်ကိုယ်ကိုယ် အကဲခတ်ဖို့ တရားလေးပါးလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတော်မူတယ်…။ (မှန်ပါ)။

ကဲ…ဒါဖြင့် ပြောကြပါစို့…တဲ့၊ ၁–နံပါတ်ပုဂ္ဂိုလ်က ဆင်းဆင်းရဲရဲကျင့်ပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် အရနှေး

တယ်...။ (မှန်ပါ့)၊ ရတော့ ရတယ်၊ နေးသွားတယ်...။ (မှန်ပါ့)။

ကောင်းပြီ...တဲ့ ဒကာ ဒကာမတို့ ဘယ်လိုကြောင့် ဆင်းဆင်းရဲရဲကျင့်ရသတုံးလို့ မေးတဲ့အခါကျတော့ တရားကလေး ဖြစ်ပျက်နှလုံးသွင်းလိုက်၊ ကိလေသာက ကြားထိုးလာလိုက်...(မှန်ပါ့)။

တရားကလေး နှလုံးသွင်းလိုက်...(ကိလေသာက ကြားထိုးလိုက်ပါဘုရား)၊ ဒီလိုဆိုတော့ ဒကာ ဒကာမတွေ ကျင့်ရတာက နေးသွားတယ်၊ ဆင်းဆင်းရဲရဲပေါ့ဗျာ၊ သူ့ ဖယ်နေရတာနဲ့ ကြာနေတယ်...။ (ကြာပါတယ်ဘုရား)။

ဒါဖြင့် ဒီဒကာ ဒကာမတွေမှာ တယ်လဲ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်က ရခဲသကိုး...ဆိုတဲ့ ဆင်းရဲတဲ့စိတ်တွေ မပေါ်ဘူးလား...။ (ပေါ်ပါတယ်ဘုရား)၊ သဘောကျပလား...။ (ကျပါပြီ)။

**ကိလေသာထူပြောလို့**

ဒါဖြင့် ဆင်းဆင်းရဲရဲကျင့်ရတာသည် ဘယ့်နှယ်ကြောင့်တုံး...လို့ မေးတဲ့ခါကျမှ ကိလေသာထူပြောလို့...လို့ မှတ်လိုက်ပါ...။ (မှန်ပါ့)။

ဆင်းဆင်းရဲရဲကျင့်ရတာ...(ကိလေသာထူပြောလို့ပါဘုရား)၊ သေသေချာချာမှတ်ပါ ဒကာ ဒကာမတို့၊ ကိုယ့်

ဟာကိုယ် အားထုတ်တော့မှ သြော်...ငါ ကိလေသာထုပြော လို့ အားထုတ်နေတဲ့အထဲမှာ ကြားစိတ်တွေက ဝင်,ဝင် ထိုးသကိုးဆိုပြီးသကာလ ကိုယ့်စိတ်ထဲမှာ မရနိုင်တော့ မဆင်းရဲဘူးလား...။ (ဆင်းရဲပါတယ်ဘုရား)။

ဂကဲ...ဒါဖြင့် ဆင်းရဲတဲ့ပုဂ္ဂိုလ်မှာ ကိလေသာထုပြော လို့ ဆင်းရဲတယ်လို့ မှတ်လိုက်စမ်းပါ...။ (မှန်လှပါ)။

ဘယ်လိုမှတ်ကြမယ်...(ကိလေသာထုပြောလို့ ဆင်းရဲ ပါတယ် ဘုရား)၊ ကိလေသာထုပြောလို့ ဆင်းရဲတာပဲ ဒကာ ဒကာမတို့...(မှန်ပါ့)။

**ဘယ်လိုကြောင့် ဆင်းရဲပါလိမ့်**

ဘယ်လိုကြောင့် ဆင်းရဲပါလိမ့်...(ကိလေသာထုပြော လို့ ဆင်းရဲပါတယ်ဘုရား)။

ဒါဖြင့် ဒကာသစ်ကပဲ အကဲခတ်တာပေါ့၊ သူများ အပြစ်...တဲ့၊ ကိုယ့်အပြစ်လား...။ (ကိုယ့်အပြစ်ပါဘုရား)၊ ဒါကြောင့် ဆင်းရဲနေတာ...။ (မှန်ပါ့). ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဆင်းဆင်းရဲရဲကျင့်ပြီး ရတဲ့အခါကျလို့ရှိရင်လဲ နေး တယ်...။ (မှန်ပါ့)။

ရတဲ့အခါကျတော့ မင်္ဂဉာဏ်၊ ဖိုလ်ဉာဏ်ရတော့တာပဲ တဲ့၊ သူ နေးသွားတယ်...။ (မှန်ပါ)၊ အချိန်ကြာတယ်ပေါ့ ဗျာ...။ (မှန်ပါဘုရား)။

**ဘယ့်နှယ်ကြောင့် ကြာသတုံး**

ဘယ့်နှယ်ကြောင့် ကြာသတုံးမေးတော့ သဒ္ဓါကလဲ မထက်၊ ဝီရိယကလဲ မသန်၊ သတိကလဲလစ်လစ်နေပြန်...။ (မှန်ပါ)၊ သဘောကျပလား...။ (ကျပါပြီ)၊ သမာဓိကလဲ ဒကာ ဒကာမတို့ ရူးရူးစိုက်စိုက်မရှိ...(မှန်ပါ)၊ ပညာကလဲ နုံ့ပြီးနေတာနဲ့ နေးသွားတယ်...။ (မှန်လှပါဘုရား)၊ ရတော့ ရပါတယ်...တဲ့...။ (မှန်ပါဘုရား)။

ဒါဖြင့် ၁–နံပါတ် ပုဂ္ဂိုလ်ကဖြင့် ကိလေသာထူပြော၍ ပညိန္ဒြေညံ့ခဲ့သော်...တဲ့ ဒကာ ဒကာမတို့ ဆင်းဆင်းရဲရဲ ထဲ ကျင့်ရတယ်...။ (မှန်ပါ)၊ ဣန္ဒြေမထက်တဲ့အတွက်လဲ အရနေးရတယ်...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီ)။

ဆင်းဆင်းရဲရဲလဲ...(ကျင့်ရပါတယ်ဘုရား)၊ ဘယ့်နှယ် ကြောင့် ဆင်းဆင်းရဲရဲကျင့်ပါလိမ့်...(ပညိန္ဒြေညံ့လို့ပါ)၊ အင်း...ကိလေသာထူပြောလို့ ဒကာသစ်ရ...(မှန်ပါ)၊ ဘယ့် နှယ်ကြောင့် အချိန်ကြာသွားပါလိမ့်...နေးပါလိမ့်မတုံးဆိုတော့ ဣန္ဒြေမထက်လို့...။ (မှန်ပါ)။

**ဝိပဿနာပညာ မထက်လို့**

သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ မထက်လို့…(မှန်လှပါ)၊ တိုတိုပြောတော့ ဝိပဿနာပညာ မထက်လို့…(မှန်ပါ့)။

ဒါဖြင့်…၁–နံပါတ်ပုဂ္ဂိုလ်မှာ ဒကာ ဒကာမတို့ ကိုယ်ပိုင် ဉာဏ်နဲ့ ကိုယ်တိုင် ရှင်းကြတာပေါ့ဗျာ…။ (မှန်ပါ့)၊ ဆင်းဆင်းရဲရဲကျင့်ရတာ ဘာ့ကြောင့်ပါလိမ့်မတုံး…။ (ကိလေသာ ထူပြောလို့ပါဘုရား)၊ အရနှေးတာက ဘယ့်နှယ်ကြောင့်ပါလိမ့်မတုံး…။ (ဣန္ဒြေနုံ့လို့ပါဘုရား)၊ ဣန္ဒြေနုံ့လို့… (မှန်ပါ့)၊ သဘောကျပလား…။ (ကျပါပြီ)။

သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ ဆိုတဲ့ ဣန္ဒြေငါးပါးက ဘာဖြစ်နေသတုံး…။ (နုံ့ပါတယ်ဘုရား)။

အဲဒီတော့ ကိုယ်က သိတယ်…။ (မှန်ပါ့ဘုရား)၊ ဩော်…ငါ့မှာ ဆင်းဆင်းရဲရဲကျင့်ရတာလဲ တခြားကြောင့် မဟုတ်ဘူး…။ (မှန်ပါ့ဘုရား)၊ အရနှေးတာလဲ ဒကာ ဒကာမတွေ သိတဲ့အတိုင်း ပညိန္ဒြေအစရှိသည် ညံ့လို့… (မှန်ပါ့)၊ မဆိုထိုက်ဘူးလား…။ (ဆိုထိုက်ပါတယ်ဘုရား)။

ဒါ…ဘုရားဟောပါ၊ ဘုရားဟောပါ ဒကာ ဒကာမတို့၊ စတုက္ကနိပါတ် အင်္ဂုတ္တိုရ်မှာ ဟောတယ်…။ (မှန်ပါ့)။

ဒကာ ဒကာမတို့ ၁–နံပါတ်ပုဂ္ဂိုလ်က ဆင်းဆင်းရဲရဲ ကျင့်ရတယ်ဆိုတာ ဘာကြောင့်ပါလိမ့်...။ (ကိလေသာ ထူပြောလို့ပါဘုရား)၊ ရှင်းပြီနော်...။ (ရှင်းပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် နှေးနှေးကွေးကွေးမှ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ရပါလိမ့်...။ (ဣန္ဒြေနုံ့လို့ပါဘုရား)၊ ဣန္ဒြေ နုံ့လို့...(မှန်ပါ့)၊ ရှင်းပြီ...။ (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒီလိုလုပ်လိုက်၊ ဒကာ ဒကာမတွေ ဒါက ဘုရားဟောတဲ့နည်း၊ ဘုန်းကြီးက ပြင်ပြီးသကာလ ပေးပါဦး မယ် ဒီဥစ္စာကို၊ ဘုရားကတော့ဖြင့် ကိလေသာထူပြောလို့ ရှိရင် ဆင်းရဲမယ်ကွ...(မှန်ပါ့)၊ ဣန္ဒြေနုံ့လို့ရှိရင်လဲ အရ နှေးလိမ့်မယ်ကွ...(မှန်ပါ့)၊ ဘယ်နှစ်ချက် ပြသတုံး...။ (နှစ်ချက်ပြပါတယ်ဘုရား)။

နှစ်ချက်ပြပြီးသကာလနေတော့ ကျုပ်တို့က ဒီလို လုပ်ပါလို့ ဒကာ ဒကာမတွေ နည်းပေးရတယ်...။ (မှန်ပါ့)၊ ကြိုးစားလဲ ကြိုးစားကြပါ၊ နည်းတော့ အစုံပေးတာပဲနော်...။ (မှန်ပါ့)၊ ကြိုးစားလို့ဆိုတာ သံတိပေးလိုက်ပါတယ်...။ (မှန်ပါ့ဘုရား)။

ဆင်းဆင်းရဲရဲကျင့်ရတာ ဘာ့ကြောင့်ပါလိမ့်...။ (ကိလေသာထူပြော့လို့ပါ)၊ ဩော်...ဝိပဿနာရှုလိုက်၊ ကိလေသာကြားခိုလိုက်...။ (မှန်ပါ့ဘုရား)။

ဝိပဿနာရှုလိုက်...(ကိလေသာက ကြားခိုလိုက်ပါဘုရား)၊ ကိလေသာက ကြားခိုလိုက်ဆိုတော့ ဒကာဒကာမတွေ ဖြစ်ပျက်မြင်လိုက်၊ အင်း...သားသမီးစိတ်, အိမ်စိတ်တွေက ဝင်လာလိုက်၊ အလုပ်စိတ်တွေက ဝင်လာလိုက်၊ ဒကာကြွယ်ရေ တယ်နာပါလား...။ (နာပါတယ်ဘုရား)။

အဲဒါ သူ့မှာ သူများ ဖယ်နေရတာ ကိလေသာဖယ်နေရတာနဲ့ပဲ ကြာသွားရော...(ကြာပါတယ်)၊ ကြာတော့ဆင်းရဲတယ်...။ (မှန်ပါ့)၊ မဆင်းရဲပေဘူးလား...။ (ဆင်းရဲပါတယ် ဘုရား)။

အဲဒီတော့ ၁-နံပါတ်၏ ၁-ကို ပြင်ချင်လို့ရှိရင် ကိုယ်က ဖြစ်ပျက်ကလေးတွေးပြီး **ပထမ**တစ်ချက်တွေးလိုက်...(မှန်ပါ့)၊ တွေးလိုက်တဲ့အချိန်**မှာ ကိ**လေသာက ကြားခိုဝင်လာတော့ တစ်နေ့က ဒ**ကာသစ်**တို့ သင်လွတ်လိုက်တယ်၊ လာတဲ့ ကိလေသာ **ဖြစ်**ပျက်ရှုလိုက်...(မှန်ပါ့ဘုရား)။

ဘယ်လိုလုပ်**ကြမယ်**...(လာတဲ့ ကိလေသာ ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

### လာတဲ့ ကိလေသာ ဖြစ်ပျက် ရှု

ဟာ...ဒါဖြင့် ဒကာ ဒကာမတို့ ကိလေသာထူပြောလို့ ကျုပ်တို့မှာ ဆင်းဆင်းရဲရဲကျင့်ရမှာ သူ့ကိုပင်လျှင်ကျုပ်တို့က ဖြစ်ပျက်ရှုလိုက်တဲ့အခါတော့ ကိလေသာကို

ပင်လျှင် ဖြစ်ပျက်ရှုလိုက်တဲ့အတွက် ကျုပ်တို့မှာ ဆင်းရဲစရာ ကော ရှိသေးသလား…။ (မရှိပါဘုရား)။

ဆရာဘုန်းကြီး သင်လိုက်တဲ့အတိုင်း ဣန္ဒြေဟာလဲ ကိလေသာ ရှုချလိုက်တယ်…။ (မှန်ပါ)၊ ပင်ကိုရုပ်တွေ၊ ဝေဒနာတွေသာ ရှုမနေနဲ့၊ ဝေဒနာဖြင့် ဝေဒနာသာ ရှုမနေနဲ့၊ ကိလေသာလာလဲ ကိလေသာရှုချလိုက်ဆိုတော့ ပညိန္ဒြေ ကလဲ ထက်မသွားဘူးလား…။ (ထက်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဆင်းရဲတာလဲ ကိလေသာ ကြားထိုးလို့…(မှန်ပါ)၊ ကြားထိုးတဲ့ ကိလေသာ ဘာလုပ် ကြမယ်…။ (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ပြစ်ပျက်ရှုလိုက်တော့ကို ဒကာ ဒကာမတို့ ဆင်းရဲမှု ပျောက်, ဉာဏ်ထက်မှုလဲ ရောက်တယ်…။ (မှန်ပါဘုရား)။

ဆင်းရဲမှုလဲ…(ပျောက်ပါတယ်ဘုရား)၊ ဉာဏ်ထက်မှု ကော…(ရောက်ပါတယ်ဘုရား)။

ကိုင်း…ဒကာကြွယ် ပြင်တတ်ပလား…။ (ပြင်တတ် ပါပြီ)၊ အင်း…ဒကာကြီး ဦးမာဒင် ပြင်တတ်ပလား…။ (ပြင်တတ်ပါပြီဘုရား)။

**အလုပ်သမားတွေကို အကူအညီပေးတဲ့ တရား**

ဒါ အရေးကြီးတယ်၊ အရေးကြီးကယ် ဒကာ ဒကာမ တို့၊ ဒါ လူနည်းတဲ့နေမှာ အရေးကြီးတဲ့ အချက်အလက်

ကလေးတွေချည်းပဲ၊ အလုပ်သမားတွေကို သက်သက်အကူ အညီပေးတဲ့ တရားလို့ မှတ်ပါ…။ (မှန်ပါ့ဘုရား)။

အလုပ်သမားတွေကို…(သက်သက်အကူအညီပေးတဲ့ တရားပါဘုရား)။

သက်သက် အကူအညီ ဘုရားပေးတဲ့ နည်းတွေကို အမျိုးမျိုး တစ်ခါတည်း မြန်မြန်ရသည်ထက်ရအောင် နည်း ပေးနေတယ်ဆိုတဲ့ ဥစ္စာကိုလဲ ဦးလှဘူးတို့ မှတ်ရလိမ့်မယ်…။ (မှန်ပါ့ဘုရား)။

ကဲ…ပထမပုဂ္ဂိုလ် ပြန်ရှင်းပါဦးမယ် ဒကာ ဒကာမ တို့…နော်…(မှန်ပါ့)၊ ပထမပုဂ္ဂိုလ်ကတော့ ဆင်းဆင်းရဲရဲ ကျင့်ပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် အရ နှေးသတဲ့…ဒကာသစ် ရာ…(မှန်ပါ့)၊ ဒီပုဂ္ဂိုလ်က တစ်မျိုးဆိုပါလား…။ (မှန်ပါ့ ဘုရား)။

အင်း…ဘယ့်နှယ်ကြောင့် ဆင်းဆင်းရဲရဲကျင့်ရပါလိမ့် ဆိုတော့ ဒကာသစ်တို့၊ ဦးမာဒင်တို့ ဘယ့်နှယ်ဖြေကြပါ့ မလဲ…။ (ကိလေသာကြားနိုလို့ပါဘုရား)။

ဟာ…နေရာကျပြီ၊ လက်သည်တွေ့ပြီ…။ (မှန်ပါ့)၊ သူ့ကြောင့် ကျုပ်တို့ ဆင်းဆင်းရဲရဲကျင့်ရတာ…(မှန်ပါ့)၊ သူ့ကိုပင်လျှင် ဆရာဘုန်းကြီးပေးတဲ့နည်းနဲ့ ဟေဝပသိကော ကို လက်မလွှတ်ဘဲနဲ့ ဟေဝ=လာခဲ့၊ ပဿ=ငါ့ကိုရှု၊ ကြားထိုး တာပဲ ရှုဆိုပြီး ဒကာ ဒကာမတွေက ဆင်းရဲဖို့ လာပေးတဲ့

တရားကိုပင်လျှင် သူ့ကို ကျုပ်တို့က မိတ်ဆွေအဖြစ်နဲ့ ဒကာသစ် ဘာလုပ်လိုက်ရမတုံး...။ (ဖြစ်ပျက် ရှုလိုက်ရပါမယ်ဘုရား)။

ဒါဖြင့် သူက ဆင်းရဲပေးသလားတဲ့၊ ကျုပ်တို့ကို ဉာဏ်ထက်မှု ပေးသလား...။ (ဉာဏ်ထက်မှုပေးပါတယ်ဘုရား)။

ဒါဖြင့် ဒီနည်းရကတည်းက တို့ နေရာကျပဟော့... ဆင်းဆင်းရဲရဲကျင့်ပြီး နေးနေးရမည့်ပုဂ္ဂိုလ်ဟာ ဆင်းဆင်းရဲရဲလဲ မကျင့်ရဘူး၊ မြန်မြန်လဲ ရမယ်...။ (မှန်ပါ)၊ ၁-က ၄-သွားဖြစ်တယ်...။ (မှန်ပါဘုရား)။

၁-က ဘာသွားဖြစ်သတုံး...။ (၄-သွားဖြစ်ပါတယ်)၊ သြော်...ဒကာကြွယ် တစ်သက်မှာ တစ်ခါကြားရတယ်လို့ မှတ်စမ်းပါ...။ (မှန်ပါ)၊ စာမှာ ဒီ ၄-ခုသာ ရှိတယ်...။ (မှန်ပါဘုရား)။

ဒီ ပြင်နည်းဆင်နည်းက ဒီပြင် ကျမ်းဂန်မှာ ဘုရားပဲ ဟောထားတာရှိတယ်...။ (မှန်ပါ)၊ အဲဒါ အခု ဘုန်းကြီးက ဒါတွေ ဒကာ ဒကာမတွေကို သူ့အတွက် အကြီးအကျယ်ဆုံးသော ဉာဏ်နဲ့ အကူအညီပေးလိုက်တော့ ကိလေသာကြောင့် ဆင်းရဲတယ်ဆိုတာ ဘုရားက ဟောတယ်...။ (မှန်ပါ)၊ ဉာဏ်နေးတာက ဣန္ဒြေမရင့်လို့-လို့ ဟောတယ်...။ (မှန်ပါ)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

**ဉာဏ်နှေးတာက ဣန္ဒြေမရင့်လို့**

ဉာဏ်နှေးတာက...(ဣန္ဒြေနဲ့လို့ပါ)၊ အေး–သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ ဆိုတဲ့ ဣန္ဒြေ ငါးပါး ရှိတယ်...။ (မှန်ပါ့)၊ အဲဒါတွေက မရင့်ကျက်လို့လို့ ဘုရားက ဟောလိုက်တယ်...။ (မှန်ပါ့)၊ နှေးတာ နှေးတာ...။ (မှန်ပါ့)၊ ရှင်းပြီနော်...။ (ရှင်းပါပြီဘုရား)။

အခုတော့ဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ၁–နံပါတ်ပဲ မေးလိုက်ပါတယ်၊ ၁–နံပါတ်တို့၏ ၁–ကို မေးလိုက်တော့ ဒကာ ဒကာမတွေ ဘယ့်နှယ်ကြောင့် ဆင်းဆင်းရဲရဲ ကျင့်ရသတုံး...။ (ကိလေသာကြားခိုလို့ပါ ဘုရား)။

ဒါဖြင့် ဆရာဘုန်းကြီး ပြင်တဲ့ဆီလိုက်ကြ...(မှန်ပါ့)၊ လာတဲ့ ကိလေသာ ဘာလုပ်ကြမယ်...(ဖြစ်ပျက်ရှုရပါမယ် ဘုရား)။

ဩော်...ပင်ကိုကလဲ ကျုပ်တို့က ဝေဒနာဖြင့် ဝေဒနာ၊ စိတ်ဖြင့် စိတ်ရှုနေတုန်း ကိလေသာက ကြားထိုးလာ တယ်...။ (မှန်ပါ့)၊ ကြားထိုးလိုက်တဲ့ အခါကျတော့ ဟောဒီပဿိကောကို လက်မလွှတ်နဲ့...။ (မှန်လှပါ)၊ ဟော်= လာခဲ့၊ ပဿ=ရှုပါလို့ သူကနေပြီးသကာလ ခေါ်ရာ မရောက်ဘူးလား...။ (ရောက်ပါတယ်)၊ ဒါဖြင့် ကြားထိုးတဲ့

ကိလေသာ ဘာလုပ်ကြမယ်...။ (ဖြစ်ပျက် ရှုရပါမယ် ဘုရား)။

ဖြစ်ပျက် ရှုလိုက်တဲ့အတွက်...တဲ့၊ ၁-နံပါတ်၏ ၁-ဟာလဲ ဒကာ ဒကာမတို့ သိတဲ့အတိုင်းတဲ့၊ ဆင်းဆင်းရဲရဲ မဖြစ်တော့ဘူး...။ (မဖြစ်တော့ပါဘုရား)။

ရှုစရာ များတယ်...။ (မှန်ပါ့)၊ ကိလေသာကြားထိုး ရင်သာ ရှုစရာ မရှိမှာကိုး...။ (မှန်ပါ့)၊ အခုတော့ ကြားထိုး တဲ့ ကိလေသာ ဘာလုပ်ပစ်လိုက်သလဲ...။ (ဖြစ်ပျက်ရှုပါ တယ် ဘုရား)။

**ဖြစ်ပျက်ရှုတော့ ဉာဏ်ချင်းနီးတယ်**

ဖြစ်ပျက်ရှုလိုက်တော့ ဩော်...ဖြစ်ပျက်နဂိုကလဲ ရှုတဲ့ ဉာဏ်...။ (မှန်ပါ့)၊ ကြားထိုးတဲ့ ကိလေသာကိုလဲ ဆရာ ဘုန်းကြီးက ပေးလို့ ဖြစ်ပျက်ရှုလိုက်တဲ့ ဉာဏ်နဲ့ဆိုတော့ ဉာဏ်က ဉာဏ်ချင်း နီးမသွားဘူးလား...။ (နီးပါတယ် ဘုရား)။

ခုနင်က ရိုးရိုးဝေဒနာရှုနေတာ ဖြစ်ပျက်အပေါ်မှာ ကြားထိုးတဲ့ ကိလေသာကို ဖြစ်ပျက်ရှုလိုက်ရပြန်တော့ ကျုပ် တို့မှာ ဉာဏ်ချင်းက မနီးဘူးလား...။ (နီးပါတယ်ဘုရား)၊ ဉာဏ်ချင်းကပ် အာသေဝနပစ္စယောဆိုတဲ့ အဖန်ဟလဲလဲက ကပ်လာတယ်...။ (မှန်ပါ)။

အဲဒါကြောင့် ဒကာ ဒကာမတို့ သြော်...ဆင်းရဲစွာ ဖြင့် ကျင့်ပြီး နေ့နေ့မှ ရမည့် ပုဂ္ဂိုလ်ပင်လျှင် ဆရာ ဘုန်းကြီးက ကူပေးလိုက်တယ်၊ ဘုရားက တစ်နေရာမှာ ဟောတာ ကြည့်ပြီးတော့...(မှန်ပါ့)။

လာတဲ့ ကိလေသာ ဘာလုပ်ရမယ်...(ဖြစ်ပျက်ရှုရ ပါမယ်)၊ ဖြစ်ပျက်ရှုလိုက်တော့ ဉာဏ်ချင်းက ဘယ့်နှယ် နေသတုံး...(နီးသွားပါတယ်ဘုရား)။

**ဉာဏ်ချင်းနီးတော့ ဣန္ဒြေထက်လာတယ်**

အရင်ဝေဒနာရှုတဲ့ဉာဏ်၊ စိတ်ရှုနေတဲ့ဉာဏ်နဲ့ နောက် ကြားထိုး အိမ်ကိစ္စ ရာကိစ္စတွေ ပေါ်လာတဲ့ ကြားထိုးစိတ် ရှုလိုက်တဲ့ ဉာဏ်နဲ့ ဉာဏ်ချင်း မနီးဘူးလား...။ (နီးပါတယ် ဘုရား)။

ဉာဏ်ချင်းနီးတော့ ဣန္ဒြေကလဲထက်...(မှန်ပါ့)၊ ဆင်းရဲကျင့်မှုကလဲ ပျောက်...ဆိုတော့ ၁-နံပါတ်ပုဂ္ဂိုလ် ဖြစ်လင့်ကစား ဒကာကြွယ်ရေ ၄-နံပါတ်ထဲ ဝင်သွား တယ်...။ (မှန်ပါ့ဘုရား)၊ ချမ်းချမ်းသာသာကျင့်၍ မြန်မြန် ရတဲ့အထဲ ပါတယ်...။ (မှန်ပါ့)။

ဒါဖြင့် ဒကာ ဒကာမတို့ ဘုန်းကြီးများကလဲ အင်မတန် အကူအညီပေးပြီးသကာလ အရေးကြီးတဲ့ အကူ အညီ၊ နို့မဟုတ်လို့ရှိရင် သူတို့ ဒီဘဝ အသေကစော

ဆင်းဆင်းရဲရဲကျင့်ပြီးသကာလ ဉာဏ်ကနှေးလို့ မရင့်ဘဲနဲ့ သေသွားမယ်ဆိုတော့ နောက်ဘဝမှ ရမည့်အဓိပ္ပါယ်က ရောက်နေတယ်...။ (ရောက်ပါတယ်ဘုရား)၊ သဘောကျပလား...။ (ကျပါပြီ)။

အဲဒီလို နောက်ဘဝမှ ရမယ်ဆိုတော့လဲ ဒကာ ဒကာမတို့ ပဋိသန္ဓေ တစ်ခါ နေရလို့ရှိရင်ပဲ အပြစ်ကြီးစွာသင့်တယ်...။ (မှန်လှပါဘုရား)။

ပဋိသန္ဓေ တစ်ခါနေရရင်...(အပြစ်ကြီးစွာ သင့်ပါတယ်ဘုရား)၊ ဒကာသစ် အဲဒီအပြစ်ကိုတောင်မှ ဆရာဘုန်းကြီးက မသင့်စေချင်တာနဲ့ ဒကာ ဒကာမတို့ ဆင်းဆင်းရဲရဲကျင့်ဆိုတာ ဘာ့ကြောင့်ကျင့်ရပါလိမ့်...။ (ကိလေသာကြားခိုလို့ပါဘုရား)၊ သေသေချာချာမှတ်။

ဒကာကြွယ် ဆင်းဆင်းရဲရဲကျင့်ဆိုတာ ဘာ့ကြောင့်ပါလိမ့်...။ (ကိလေသာကြားခိုလို့ပါဘုရား)။

ကဲ...ဦးမာဒင်တို့က ဘယ်လိုလုပ်မယ်...။ (ဖြစ်ပျက်ရှုရပါမယ်)၊ ကြားထိုးကို...(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အဲ...ပင်ကိုရှိတာကိုလဲ ဖြစ်ပျက်ရှု...(မှန်ပါ)၊ ရှုနေတုန်း သူက ကြားထိုးလာတော့ သူလဲ ဖြစ်ပျက်ပဲ, အနိစ္စပဲလို့ ဒကာ ဒကာမတွေက ရှုလိုက်တော့ ဉာဏ်ချင်းကနီးသွားတယ်...။ (နီးသွားပါတယ်ဘုရား)၊ ဉာဏ်ချင်းက

နီးသွားတော့ ဉာဏ်ကလဲ မထက်ဘူးလား...။ (ထက်ပါတယ်ဘုရား)၊ ဒါဖြင့် ဣန္ဒြေထက်သွားပြီ...။ (မှန်ပါ့)။

ဒါဖြင့် ဒကာ ဒကာမတို့ ဆင်းရဲအောင်လုပ်တဲ့ ကိလေသာကလဲ ကျုပ်တို့ကို အကူအညီပေးတယ်...။ (မှန်ပါ့)။

ဆင်းရဲအောင်လုပ်တဲ့ ကိလေသာကလဲ...(အကူအညီပေးပါတယ်ဘုရား)၊ ဉာဏ်နဲ့နေတာကလဲ ဘာဖြစ်သွားသတုံး...။ (ထက်သွားပါတယ်ဘုရား)။

အို...သေပျော်ပြီ ဒီအတိုင်းသာလုပ်...(မှန်ပါ့)၊ ဒီအတိုင်းသာလုပ် ဒကာကြွယ်...။ (မှန်ပါ့)၊ အားလုံး ဒကာ ဒကာမတွေ နားလည်ကြရဲ့လား...။ (နားလည်ပါတယ်ဘုရား)။

ဆင်းရဲတာ ဘယ်သူ့ကြောင့် ဆင်းရဲပါလိမ့်...။ (ကိလေသာ ကြားခိုလို့ပါဘုရား)၊ ဉာဏ်မထက်တာသည် ဘယ့်နှယ်ကြောင့် မထက်ပါလိမ့်မတုံး ဆိုတော့ ဉာဏ်ချင်းဝေးလို့...(ဝေးလို့ပါဘုရား)။

အခုတော့ဖြင့် ကြားထိုးကို ဒကာ ဒကာမတွေက ဝိပဿနာ ရှုလိုက်တဲ့အတွက် ဉာဏ်ချင်းကကော...(နီးပါတယ် ဘုရား)၊ ကြားထိုးအဖျက်ကလဲ ကျုပ်တို့ကို အကူအညီမပေးဘူးလား...။ (ပေးပါတယ်ဘုရား)။

ဒါဖြင့် အဖျက်က အကူအညီပေး၊ ဉာဏ်ချင်းကနီးလို့ ဒကာ ဒကာမတို့ ဣန္ဒြေက ရင့်တယ်...။ (မှန်ပါ့)၊ ဆိုတော့ အင်း...၁-နံပါတ်ပုဂ္ဂိုလ်တို့ ဖြစ်တောင်မှ ဆရာဘုန်းကြီး ပေးတဲ့နည်းနဲ့ လုပ်လိုက်လို့ရှိရင်ဖြင့် ချမ်းချမ်းသာသာ ကျင့်ပြီးသကာလ အမြန်ရတဲ့ စတုတ္ထပုဂ္ဂိုလ် ဖြစ်နိုင် တယ်...။ (မှန်လှပါ)၊ ဒါ လွယ်တဲ့ အဓိပ္ပါယ်မဟုတ်ဘူး...။ (မှန်ပါ့)။

**ဘုရားကတော့ ပုဂ္ဂိုလ်လေးမျိုးပဲ ဟောတယ်**

ဒကာကြွယ် ဘယ့်နှယ်တုံး...။ (မလွယ်ပါဘုရား)၊ မလွယ်ဘူးတဲ့၊ ဘုရားက လေးမျိုးပဲ ဟောထားတယ်...။ (မှန်ပါ့ဘုရား)၊ ဘုရားက လေးမျိုးပဲ ဟောထားတယ် ဆိုတော့ ဘုန်းကြီးက တခြားသော ကျမ်းဂန်တွေ၊ ဘုရား ဟောတာတွေပဲ၊ နောက်ပိုင်းနဲ့ ရှေ့ပိုင်း ညှိလိုက်တော့မှ ဟာ...ဒီလိုလုပ်ဖြစ်တာပဲ...(မှန်ပါ့) ဆိုတော့ ၁-နံပါတ်က ၄-နံပါတ်ဖြစ်အောင် ဒကာ ဒကာမတို့ ဘယ်လိုလုပ်မလဲ... ဆိုတော့ ၄-ဟာ ဒကာ ဒကာမတို့ အကြိုက်ဆုံးပဲ...။ (မှန်ပါ့)၊ ချမ်းချမ်းသာသာကျင့်ပြီး အမြန်မဂ်ဖိုလ်ရတယ်၊ ၄-နံပါတ်ဟာလေ...။ (မှန်ပါ့)။

၄-နံပါတ်က ဘာတဲ့...(ချမ်းချမ်းသာသာကျင့်ပြီး အမြန် မဂ်ဖိုလ်ရပါတယ်ဘုရား)။

အဲဒီပုဂ္ဂိုလ်ဖြစ်ချင်တော့, ကိုယ်ကလဲ ၁–နံပါတ်ပုဂ္ဂိုလ်ဖြစ်နေပြန်တော့ ၄–နံပါတ်ပုဂ္ဂိုလ်ဖြစ်ဖို့ ဘယ်လိုများ အကြံထုတ်ပြီး ဘယ်လို ကြိုးစားရပါ့မလဲ ဆိုတာ ဒကာ ဒကာမတွေ ဉာဏ်ထဲတော့ ဝေနေမှာ စိုးရတယ်...။ (မှန်လှပါ)၊ မဝေပေဘူးလား...။ (ဝေပါတယ်ဘုရား)။

အဲ...အခုတော့ဖြင့် ဒကာ ဒကာမတို့ စိတ်တွေဘာတွေ စေနေစရာရှိသေးရဲ့လား...။ (မရှိပါဘုရား)။

ကဲ...ဒါဖြင့် လုပ်ကြပါစို့...တဲ့၊ ဒကာ ဒကာမတို့ ၁–နံပါတ် ပြန်မေးတယ်၊ ဆင်းဆင်းရဲရဲကျင့်ပြီး နေးနေးမှ ရတာ ၁–နံပါတ်ပုဂ္ဂိုလ်...(မှန်ပါ့ဘုရား)၊ ဘာ့ကြောင့် ဆင်းဆင်းရဲရဲ ကျင့်ရသတုံး...။ (ကိလေသာကြားထိုးလို့ပါ)၊ ကိလေသာထူပြောလို့...(မှန်ပါ့)၊ ကိလေသာ ကြားထိုးလို့... (မှန်ပါ့)အဲဒါဘာလုပ်ကြမယ်...(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုလိုက်တော့ ဒကာ ဒကာမတို့ ကိလေသာ သည် ဘုန်းကြီးတို့အား ဆင်းဆင်းရဲရဲကျင့်ရအောင်လို့ လာလုပ်တယ်...။ (မှန်ပါ့)၊ ဆင်းဆင်းရဲရဲကျင့်ရအောင်လို့ လာလုပ်တယ်ဆိုတာ သေချာပလား...။ (သေချာပါပြီ)၊ အဲဒါ ကျုပ်တို့က မင်းပဲ တို့ကို အကူအညီပေးပါကွယ်ဆိုတဲ့ သဘောမျိုးလို...(မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ)၊ ကျုပ်တို့က သူ့ကိုပဲ ဝိပဿနာဉာဏ် ရှုလိုက်ပါတယ်...။ (မှန်ပါ့)။

**သံသယလာရင် ဖြစ်ပျက် ရှု**

ကိလေသာ ဘာလုပ်လိုက်သတဲ့…(ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊ ရာဂလာရင် ရာဂကို ဖြစ်ပျက်ရှု…(မှန်ပါ)၊ စိတ်မချတာလာရင် စိတ်မချတဲ့ ဒေါသကို…(ဖြစ်ပျက်ရှုရမယ်)၊ ငါက ဒီလာနေတယ်၊ အိမ်မှာ ဘာဖြစ်နေမလဲ ဆိုတဲ့ သံသယဝင်လာရင်…(ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊ သံသယ ဝိစိကိစ္ဆာကို ဖြစ်ပျက်ရှုချ…။ (မှန်ပါ)။

ဖြစ်ပျက်ရှုချလိုက်တော့ ဒကာ ဒကာမတွေပဲ စဉ်းစားတော့၊ ဉာဏ်ချင်း ဘယ့်နှယ်နေသလဲ…။ (နီးပါတယ်ဘုရား)။

မူလရှုနေတဲ့ ကမ္မဋ္ဌာန်းဉာဏ်နဲ့၊ ကြားထိုးရှုလိုက်တဲ့ ဉာဏ်နဲ့ မနီးဘူးလား…။ (နီးပါတယ်ဘုရား)၊ ဉာဏ်နီးချင်းကြောင့် ဏ္ဍန္ဓေရင့်တယ်…။ (မှန်ပါ)၊ သဘောကျပလား…။ (ကျပါပြီ)။

ဉာဏ်နီးခြင်းကြောင့်…(ဏ္ဍန္ဓေရင့်ပါတယ်ဘုရား)၊ တယ်လဲ အဖိုးတန်ပါလား…။ (မဖိုးတန်ပါတယ်ဘုရား)။

နှောင့်နှေးဖို့ရာကိုလဲ ကိုလေသာကြားထိုးရင် သူက ပဋိစ္စသမုပ္ပါဒ်တန်းမလို့လာတာ…။ (မှန်ပါ)၊ တန်းခွင့်ရသေးသလား…။ (မရပါဘုရား)။

**ချမ်းသာစွာကျင့်ပြီး မြန်မြန်ရလိမ့်မယ်**

အဲ…ဒါဖြင့် ကျုပ်တို့သည်ကားလို့ဆိုရင် ချမ်းသာစွာကျင့်ပြီးသကာလ ဒကာ ဒကာမတို့ မြန်မြန်ရလိမ့်မယ်…။ (မှန်ပါ့)၊ ပေါ်ကြပလား…။ (ပေါ်ပါပြီ)၊ ချမ်းသာစွာကျင့်ပြီး…(မြန်မြန်ရမှာပါဘုရား)။

ဒီနည်းပေးချင်တာ ဒကာကြွယ် ကြာလှပြီ…။ (မှန်ပါ့ဘုရား)၊ ဒီအကြောင်းက မတိုက်ဆိုင်တာနဲ့ ဒကာသစ်ရေ… အချိန်တွေ ဆွဲ,ဆွဲထားရတယ်၊ ဒီ့ပြင် သိစရာတွေကလဲ များသကိုးဗျ…။ (များပါတယ်ဘုရား)။

ကဲ…အခုတော့ဖြင့် ယနေ့ ဒကာ ဒကာမတွေ အထူးကံကောင်းတဲ့နေ့ပဲဆိုတော့ ကိုယ်ကတော့ဖြင့်, ဒီအထဲ များသောအားဖြင့်, ဆင်းဆင်းရဲရဲကျင့်ပြီး နေ့နေ့မှ ရမည့်ပုဂ္ဂိုလ် များလိမ့်မယ် ဆိုတာကဖြင့် ကိုယ့်ကိုယ်ကိုယ် အသိဆုံး…(မှန်လှပါ)။

ဘယ်လိုဆိုကြမယ်…(ကိုယ့်ကိုယ်ကိုယ် အသိဆုံးပါဘုရား)၊ ကဲ…ဒါဖြင့် ကိုယ့်ကိုယ် ကိုယ့်ဆရာဘုန်းကြီးပေးတဲ့နည်း၊ ဘုရားပေးတဲ့နည်းနဲ့ ပြင်တတ်ပလား…။ (ပြင်တတ်ပါပြီဘုရား)၊တယ်အဖိုးတန်ပါလား…။ (တန်ပါတယ်ဘုရား)၊ အင်မတန် အဖိုးတန်တယ်ဆိုတာ ဒကာ ဒကာမတွေ သေသေချာချာ နားကြီးကြီး, ဉာဏ်ကြီးကြီးနဲ့ ထောင်ကြည့်

တော့မှ သြော်...ဆရာဘုန်းကြီး ကူလိုက်တဲ့အချက်ဟာက ၁–ကကိုပဲ ၄–နံပါတ် ဖြစ်ရမလား...။ (မှန်လှပါ ဘုရား)။

၁–နံပါတ်က...(၄–နံပါတ်ဖြစ်ပါတယ်ဘုရား)၊ ၄–နံပါတ်ဆိုတာက တကယ့်ကို ဒကာ ဒကာမတို့ ချမ်းချမ်းသာသာကျင့်ပြီးသကာလ အမြန်ရတဲ့ ပုဂ္ဂိုလ်...။ (မှန်ပါ့)။

ချမ်းချမ်းသာသာ ကျင့်ပြီး...(အမြန်ရတဲ့ ပုဂ္ဂိုလ်ပါဘုရား)၊ ကဲ...ဒကာသစ် သေပျော်တယ်...။ (သေပျော်ပါတယ် ဘုရား)၊ သေပျော်ပါတယ် ဒကာ ဒကာမတို့၊ ပါရမီစောင့်မနေနဲ့...။ (မှန်ပါ့)၊ ကိလေသာ ကြားထိုးတယ်ဆိုတာ သူ ပါရမီညံ့လို့...(မှန်ပါ့)၊ မဟုတ်ဘူးလား...။ (ဟုတ်ပါတယ် ဘုရား)၊ ကိလေသာထူပြောတဲ့ ပုဂ္ဂိုလ်ဟာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရခဲတာကိုးဗျ...။ (မှန်ပါ့ဘုရား)။

အခု ကြည့်စမ်း၊ ၁–နံပါတ်ပုဂ္ဂိုလ်မှာ နဂို ဘုရားဟောထားတာက ဆင်းဆင်းရဲရဲကျင့်ပြီး နှေးနှေးရမယ်တဲ့...။ (မှန်ပါ့)၊ ဆင်းဆင်းရဲရဲကျင့်ရတာ တခြားမဟုတ်ဘူးကွ...တဲ့၊ ကိလေသာထူပြောလို့...(မှန်ပါ့)၊ နှေးနှေးမှ ရတာက ဟောဒီ ဉာဏ်တွေက မထက်လို့...(မှန်ပါ့)၊ ဣန္ဒြေတွေက မထက်လို့...(မှန်ပါ့)၊ ဣန္ဒြေဆိုတော့ စာသံပါနေတယ်၊ ဉာဏ်မထက်လို့–လို့ ပြောလိုက်တယ်...။ (မှန်ပါ့)။

ကိုင်း…ဒါဖြင့် ဒကာသစ် နည်းရပလား…။ (ရပါပြီ)၊ ဆင်းဆင်းရဲရဲကျင့်ရတာ ဘာထူပြောလို့တုံး…။ (ကိလေသာ ထူပြောလို့ပါဘုရား)။

ကဲ…ကြားထိုးတဲ့ ကိလေသာ ခဏခဏလာမှာပဲ…။ (လာမှာပါ)၊ လာရင် ဘယ့်နှယ်လုပ်မယ်…(ဖြစ်ပျက်ရှုရ ပါမယ် ဘုရား)။

**ဖြစ်ပျက်ရှုလိုက်တော့ နှစ်ကိစ္စ ပြီးတယ်**

ဩော်…ဒကာကြွယ် နေရာကျပြီ…။ (ကျပါပြီ)၊ ဖြစ်ပျက်ရှုလိုက်တော့ကို နှစ်ကိစ္စပြီးတယ်…။ (မှန်ပါ)၊ နေးမှာ လဲ မြန်တယ်…။ (မှန်ပါ)၊ တစ်ခါဆင်းရဲမှာလဲ ချမ်းသာ တယ်…။ (မှန်ပါ)၊ ဉာဏ်ကလဲ…(ထက်ပါတယ်ဘုရား)။

အင်း…ဒါဖြင့် ဒကာ ဒကာမတို့နှစ်ခုစလုံး ကိစ္စပြီးစေ နိုင်တဲ့ စာလို သုံးရင် 'ဒုက္ခပဋိပဒါဒန္ဓာဘိညာ'…(မှန်ပါ)၊ ရှင်းပလား…။ (ရှင်းပါပြီ)၊ အခုတော့ဖြင့် 'သုခပဋိပဒါ ခိပ္ပါဘိညာ'သွား ဖြစ်တယ်…။ (မှန်ပါ)။

ချမ်းချမ်းသာသာလဲ ကျင့်ရတယ်၊ ကျင့်တာ ဘယ့်နှယ် ကြောင့် ချမ်းချမ်းသာသာကျင့်ရသလဲ…ရှုစရာတွေများလို့ ရှိရင် ကျုပ်တို့ ဉာဏ်ထက်တယ်…။ (မှန်ပါ)။

ရှုစရာတွေများလို့ရှိရင်…(ဉာဏ်ထက်ပါတယ်ဘုရား)၊ ဩော်… ဒကာသစ်ရေ ၁-က ဘာဖြစ်သွားသလဲ…

(၄–နံပါတ်သွားဖြစ်ပါတယ်)၊ ၄–နံပါတ်သွားဖြစ်တယ်ဆိုတာ ခင်ဗျားတို့ ဒကာကြွယ်တို့၊ ဦးလှဘူးတို့ အင်မတန် ကံကောင်းတယ်လို့ ဒီဟာကြားရတာဗျား...။ (မှန်ပါ့ဘုရား)။

**ကံစွမ်း၊ ဉာဏ်စွမ်းကုန်နေလို့ ကူညီတာ**

ဒါ...ထုံးစံအတိုင်း ပောာနေမယ်ဆိုရင် ခင်ဗျားတို့က ဒီလေးယောက်တောင် ရှိတာပဲ၊ တို့က ပထမပုဂ္ဂိုလ်ထဲကပဲ...အင်း...ဆင်းဆင်းရဲရဲကျင့်ရမှာပဲ၊ ဖြည်းဖြည်းမှလဲ ရမယ်၊ မတတ်နိုင်ဘူး၊ ဒီအတိုင်း သွားရမှာပဲ...၊ ဆင်းရဲလဲ ခံရုံပဲ၊ ဖြည်းဖြည်းမှရလဲ ဖြည်းဖြည်းယူရုံပဲ၊ ဘာမှ မတတ်နိုင်တော့ဘူး၊ ခင်ဗျားတို့ ဉာဏ်စွမ်း၊ ကံစွမ်း ကုန်နေပြီ...။ (ကုန်နေပါပြီဘုရား)။

အခုတော့ဖြင့် ဆရာဘုန်းကြီးက အကူအညီပေးလိုက်တယ်...။ (မှန်ပါ့)၊ အကူအညီပေးလိုက်တယ်၊ ဒကာ ဒကာမတို့ ဆင်းရဲတာ ဘယ်သူ့ကြောင့် ဆင်းရဲတာတုံး...။ (ကိလေသာကြားထိုးလို့ပါဘုရား)။

နေးနေးရတာက ဘယ့်နှယ်ကြောင့် နေးနေးရပါလိမ့်...။ (ဉာဏ်မထက်လို့ပါ)၊ ဉာဏ်မထက်လို့၊ ဉာဏ်ချင်းဝေးနေတယ်...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

အဲဒါ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက စဉ်းစားလိုက်တာပေါ့...၊ ဆရာဘုန်းကြီး သတိပဋ္ဌာန်ပါဠိတော်ကြီး

ကြည့်ပြီး သူ...အကူအညီပေးလိုက်ပြီဆိုတော့...ဆင်းရဲလုံးတွေဆိုတာ ကိလေသာကြားထိုးလို့ ဆင်းရဲတာ...။ (မှန်ပါ့)၊ ပေါ်ကြပလား...။ (ပေါ်ပါပြီဘုရား)။

ဘယ်သူ့ကြောင့်ပါလိမ့်...(ကိလေသာကြားထိုးလို့ပါဘုရား)၊ ကိုင်း...ဒကာ ဒကာမတွေ ဘယ့်နှယ်လုပ်လိုက်မယ်...(ဖြစ်ပျက်ရှုလိုက်ရပါမယ်ဘုရား)။

ဒါဖြင့် သူ...ကိလေသာဆိုတာ ကျုပ်တို့ကို ပင်ပန်းအောင် လုပ်မလို့၊ (ဝါ) ဆင်းရဲအောင် လုပ်မလို့ လာတာ...(မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

အခု သူကပဲ ကျုပ်တို့ကို မိတ်ဆွေအဖြစ်နဲ့ ခင်ဗျားကျုပ် အမှီပြုပြီး ရှုပါဗျာ...၊ ဉာဏ်ထက်ပါလိမ့်မယ်လို့ မပြောသော်လဲ ပြောဘိသကဲ့သို့သော အခြေအနေရောက်တယ် ဦးလှဘူး...(ရောက်ပါတယ်ဘုရား)၊ မရောက်ဘူးလား...။ (ရောက်ပါတယ်ဘုရား)။

**၁–နံပါတ်က ၄–နံပါတ် ပုဂ္ဂိုလ် ဖြစ်သွားပြီ**

ဒါဖြင့် ကျုပ်တို့သည် ၁–နံပါတ် ပုဂ္ဂိုလ်က ၄–နံပါတ် ပုဂ္ဂိုလ်အဖြစ်သို့ ရောက်တယ်...။ (မှန်ပါ့)။

ဒါ...ခင်ဗျားတို့ ကိုယ်ကိုယ်တိုင် ဒီအတိုင်းလုပ်ကြလို့ရှိရင်ဖြင့် ၁–က ၄–ရောက်ဖို့ဆိုတာ ခင်ဗျားတို့ ရှေ့က ထုံးစံအတိုင်း ဆိုလို့ရှိရင် ဦးမာဒင်တို့ ဩော်...တို့က

၁–နံပါတ်ဆိုတော့ ဆင်းဆင်းရဲရဲလဲ ကျင့်ရမှာပဲ…။ (မှန်ပါ့)၊ နေ့နေ့မှလဲ…(ရမှာပါပဲဘုရား)၊ ဩော်…သူ့ပါရမီနဲ့ သူ လာတာကို…။ (မှန်ပါ့)၊ ပါရမီကို သူ့ မမြင်တော့ဘူး…။ (မှန်ပါ့)။

အခုဟာက ဒီလိုမဟုတ်ဘူး၊ ခင်ဗျားတို့ နောက်က ဘယ်လိုပဲ ထိုင်းခဲ့,ထိုင်းခဲ့၊ ဆင်းရဲတာကိုလဲ ချမ်းသာအောင် လုပ်ပေးတယ်…။ (မှန်ပါ့)၊ ပါရမီ နှောင့်နှေးတာကိုလဲ ထက်အောင်လုပ်ပေးတယ်…။(မှန်ပါ့)၊ သဘောကျပလား…။ (ကျပါပြီဘုရား)။

ဒါဖြင့် ဦးမာဒင်ရေ သိပ်အဖိုးတန်တဲ့နေ့…(မှန်ပါ့)၊ ဒကာသစ် နည်းရပလား…။ (ရပါပြီ)၊ နောက်က ဒကာ ဒကာမတွေ…(ရပါပြီဘုရား)။

ဆင်းရဲတာ ဘယ်သူ့ကြောင့် ဆင်းရဲသတုံး…။ (ကိလေသာကြားထိုးလို့ပါဘုရား)၊ ဉာဏ် ဘယ့်နှယ်ကြောင့် မထက်သတုံး ဆိုတော့ ဉာဏ်ချင်း ဝေးနေလို့…(မှန်ပါ့ ဘုရား)။

ကဲ…ဒါဖြင့် ဒကာ ဒကာမတို့ ကိလေသာကြားထိုး လို့ ဆင်းရဲတော့ ကိလေသာ ဘာလုပ်ကြမယ်…(ဖြစ်ပျက် ရှုရပါမယ်)၊ သူလဲအနိစ္စပဲ (မှန်ပါ့)၊ နဂိုက ရှုနေတာလဲ… (အနိစ္စပါဘုရား)၊ သူ့ ရှုလိုက်ပြန်တော့…(အနိစ္စပါဘုရား)။

**သင်္ခါရတရားဟူသရွေ့ အကုန်ရှုပါ**

အဲဒါ ဘုန်းကြီး အကူအညီပေးတယ်လို့ဆိုတာ ခင်ဗျားတို့ ဘုန်းကြီးက ဂုဏ်ယူရာရောက်မှာစိုးလို့၊ ဘုရားက သဗ္ဗေသင်္ခါရာအနိစ္စာ လာတာရှိတဲ့…(မှန်ပါ)၊ ပေါ်ပလား…။ (ပေါ်ပါပြီဘုရား)။

'သဗ္ဗေ သင်္ခါရာအနိစ္စာ' လာတာကို ဘာလုပ်ရမလဲ…။ (ရှုရပါမယ်ဘုရား)၊ ကဲ…မရှုကောင်းတာရယ်လို့ ပါရဲ့လား…။ (မပါ,ပါဘုရား)၊သင်္ခါရတရားတွေဟူသရွေ့ အကုန်ရှုပါကွ…(မှန်ပါ) ဆိုတော့ လာတာကို ကျုပ်တို့က ရှုပစ်လိုက်…။ (မှန်ပါဘုရား)။

လာတဲ့ ကိလေသာ သင်္ခါရကို ကျုပ်တို့က ဘာလုပ်ပစ်လိုက်သတုံး…။ (ရှုပစ်လိုက်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဆင်းဆင်းရဲရဲကျင့်တဲ့ အမိပ္ပါယ်ကော ရသေးသလား…။ (မရပါဘုရား)၊ နေ့နေ့မှရမယ်ဆိုတဲ့ အမိပ္ပါယ်ကော ရောက်သေးရဲ့လား…။ (မရောက်ပါဘုရား)။

ဒါဖြင့် ဘယ်အဓိပ္ပါယ်ရောက်ပါလိမ့်မတုံးလို့ ဒကာ ဒကာမတွေက မေးတော့မှ မဆင်းရဲဘဲနဲ့ အမြန်ရတယ်…။ (မှန်ပါဘုရား)။

**မဆင်းရဲဘဲနဲ့ အမြန်ရတယ်**

မဆင်းရဲဘဲနဲ့...(အမြန်ရပါတယ်ဘုရား)၊ ဒါ ခင်ဗျားတို့ ရိုကော်ဒါထဲပါတယ်၊ အင်မတန်ကောင်းတဲ့ အဓိပ္ပါယ်... (ကောင်းပါတယ်ဘုရား)။

ခင်ဗျားတို့ကိုယ်တိုင် ရိုကော်ဒါမရှိတဲ့ ပုဂ္ဂိုလ်များလဲ... ဒီအတိုင်း ဉာဏ်ထဲမှာ မှတ်ထား...။ (မှန်ပါ)၊ မှတ်ပြီး တစ်ခါတည်း ဩော်...တို့ဆရာဘုန်းကြီးက ဘုရား တစ်နေရာမှာ ဟောတာကို တစ်နေရာဟောတဲ့ အကူအညီပြန်ပေးလိုက်တဲ့အခါကျတော့လဲ ၁–က ၄–နံပါတ်ဖြစ်တယ်ဆိုတော့ နည်းတဲ့ အဓိပ္ပါယ်မဟုတ်ဘူး...။ (မှန်ပါဘုရား)။

၁–က ဘာဖြစ်သွားသတုံး...။ (၄–နံပါတ်ဖြစ်သွားပါတယ်ဘုရား)။

၄–နံပါတ်က ဒကာသစ်၊ ဒကာကြွယ်၊ ဦးမာဒင်တို့ပဲ စဉ်းစားကြည့်ပါလား၊ ချမ်းချမ်းသာသာကျင့်၍ အမြန်ရရမယ်...။ (မှန်ပါဘုရား)၊ ဒီရောက်သွားတယ်...။ (ရောက်ပါတယ်ဘုရား)။

ချမ်းချမ်းသာသာကျင့်၍...(အမြန်ရရပါမယ်)၊ ကဲ... ဒါဖြင့် ၁–လောက်ပဲ အစွမ်းရည်သတ္တိရှိတဲ့ ပုဂ္ဂိုလ်ကို ၄–အဖြစ်ကို ထိုးတင်ပေးလိုက်တယ်ဆိုကတည်းက ဒကာကြီး

ဦးမာဒင် နည်းတဲ့ ဉာဏ်မဟုတ်ဘူး...။ (မနည်းပါဘုရား)၊ အင်မတန် အရေးကြီးတယ်...။ (ကြီးပါတယ်ဘုရား)၊ ဒကာကြွယ် ပေါ်ပလား...။ (ပေါ်ပါပြီဘုရား)။

ကဲ...ဒကာသစ် သဘောပေါက်ပြီဆိုတာ ပေါ်ပလား...။ (ပေါ်ပါပြီဘုရား)။

ဒီအတိုင်းသာလုပ်ပါ ဒကာ ဒကာမတို့၊ ၁–နံပါတ် ပုဂ္ဂိုလ်ဟာ ၄–နံပါတ်ပုဂ္ဂိုလ်ဖြစ်ရမယ်...။ (ဖြစ်ရပါမယ်)၊ ၄–နံပါတ်ပုဂ္ဂိုလ်ဖြစ်ရမယ်ဆိုတာ သေချာကြပလား...။ (သေချာပါပြီဘုရား)။

ကိုင်း...ဒါဖြင့် ၁–နံပါတ်ဖြင့် ၁–က ၄–ဖြစ်အောင် ဆရာဘုန်းကြီးက ဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ နည်း အမျိုးမျိုးနဲ့ ကူညီလိုက်တဲ့အတွက် ဒကာဒကာမတို့ ၁–က ၄–ဖြစ်တာဟာဖြင့် တို့ ပါရမီထူးလို့ပဲ...။ (မှန်ပါ)၊ နည်းပေး ကောင်းလို့ပဲ...။ (မှန်ပါ)၊ တို့ဖြင့် ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ် မို့ပဲဆိုပြီး ဒီနည်းအတိုင်းသာလုပ်, ၁–က ၄–ဖြစ်ရမယ်...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

## ၂– နံပါတ်ပုဂ္ဂိုလ်အတွက်

ကဲ...တစ်ခါ သွားကြဦးစို့၊ ၂–နံပါတ် ပုဂ္ဂိုလ်ကတော့ ဒကာ ဒကာမတွေ ဆင်းဆင်းရဲရဲကျင့်ပြီးသကာလ ဘာတဲ့ တုံး...။ (မြန်မြန်ရပါတယ်)၊ ဆင်းဆင်းရဲရဲကျင့်ပြီး မြန်မြန်

ရရမယ်ဆိုတော့ သူက ဆင်းဆင်းရဲရဲကျင့်ရတာကတော့ ဒကာ ဒကာမတွေ တစ်မှုတည်းသာမှတ်...။ (မှန်ပါ့)၊ ဩော်...ကိလေသာများလို့...။(မှန်ပါ့)၊သဘောကျပလား...။ (ကျပါပြီဘုရား)။

ဆင်းဆင်းရဲရဲကျင့်ရတာကဖြင့်...(ကိလေသာများလို့ပါ)၊ ကိလေသာထူပြောလို့...(မှန်ပါ့)၊ ရှင်းကြပါပြီ...။ (မှန်ပါ့ဘုရား)။

ကဲ...ဒါဖြင့် ဒကာသစ်တို့၊ ဦးမာဒင်တို့က အကူအညီ ခုနင်က ပေးတဲ့အတိုင်း ပေးလိုက်တာပေါ့...။ (မှန်ပါ့)၊ ကဲ...ကိလေသာပေါတော့ ပေါတဲ့ ကိလေသာ ဘာလုပ်မလဲ...(ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊ ဒါဖြင့် ဉာဏ်ချင်းကကော...(နီးသွားပါတယ်ဘုရား)။

ဉာဏ်ချင်းကလဲ နီးသွားပြီ၊ သူ နဂိုကလဲ ရင့်နေတဲ့ ပုဂ္ဂိုလ်...(မှန်ပါ့)၊ နဂိုကလဲ ရင့်နေတဲ့ ပုဂ္ဂိုလ်ဆိုတော့ ဒကာ ဒကာမတို့ နဂိုကလဲ ဆင်းဆင်းရဲရဲကျင့်ပြီး သူ အမြန်ရမည့် ပုဂ္ဂိုလ်ကိုး...(မှန်ပါ့ဘုရား)။

**ဆင်းရဲတတ်တဲ့တရား ဝိပဿနာ ရှုပစ်ပါ**

အဲဒီတော့ ဆင်းဆင်းရဲရဲကို ကျုပ်တို့က ဝိပဿနာ ဉာဏ်နဲ့ အကုန်ရှုပစ်လိုက်သဖြင့်, ဆင်းရဲတတ်တဲ့ တရားတွေ အကုန်ရှုပစ်လိုက်သဖြင့် (ဝါ) ကန့်ကွက်တတ်တဲ့တရားတွေ

အကုန်ရှုပစ်လိုက်သဖြင့်တဲ့၊ ကျုပ်တို့သည် ၄–နံပါတ်ပဲ ပြန်ဖြစ်တယ်…။ (မှန်ပါ့)၊ သဘောကျပလား…။ (ကျပါပြီဘုရား)။

ဘာပြန်ဖြစ်ပါလိမ့်…။ (၄–နံပါတ်ပဲ ပြန်ဖြစ်ပါတယ်)၊ ၄–နံပါတ် အဓိပ္ပါယ်က ဘာပါလိမ့်…။ (ချမ်းချမ်းသာသာ ကျင့်ပြီး မြန်မြန်ရပါတယ်)။

ချမ်းချမ်းသာသာကျင့်ပြီးသကာလ အမြန်ရတယ်…။ (မှန်ပါ့)၊ ဒီမှာလဲ ကိလေသာနိုင်ရင် အမြန်ရတာချည့် မှတ်လိုက်…။ (မှန်ပါ့)၊ ရှင်းကြပလား…။ (ရှင်းပါပြီဘုရား)။

သြော်…ဒါဖြင့် ဒကာကြွယ်ရေ သိပ်အဖိုးတန်ပါ ကလား…။ (တန်ပါတယ်ဘုရား)။

ဒီလိုသာ ဆရာကောင်းနဲ့ မတွေ့ဘူး၊ နည်းပေး ကောင်းနဲ့ မတွေ့ဘူးဆိုရင် ဦးမာဒင်တို့ စဉ်းစားကြည့်ပါ၊ သြော်…ကျုပ်တို့ကလဲ ဘဝပါရမီက ကိလေသာက ထူပြော တော့ ကျုပ်တို့ပုဂ္ဂိုလ် သုံးယောက်ထဲက တစ်ယောက် ဖြစ်နေတော့ ဖြည်းဖြည်းနဲ့နှေးနှေးသွား၊ လိပ်သွားသလို သွားရမှာပဲ…။ (မှန်ပါ့)၊ အင်း…ကိုယ့်ဟာကိုယ် လျှော့ပစ် လိုက်ပြီ…။ (မှန်ပါ့ဘုရား)။

ကိုယ့်ဟာကိုယ် လျှော့ပစ်လိုက်တော့ ဒကာ ဒကာမ တို့ အသေစောသွားတယ်…။ (မှန်ပါ့)၊ အသေစေသွားတော့

နောက်ဘဝ ပဋိသန္ဓေနေရတယ်…။ (မှန်ပါ)၊ နေရတော့ တစ်ဘဝ, နှစ်ဘဝ ရတယ်ဆိုရင် နည်းတဲ့ ဒုက္ခလား…။ (မနည်းပါဘုရား)။

ဒီက ပါသွားတာလေးတွေကလဲ အကုန်မပျောက် သေးဘူးလား…။ (ပျောက်ပါတယ်)၊ ပျောက်သွားလို့ ရှိရင် ဒကာ ဒကာမတို့ ကိုယ်ကျိုးနည်းပြီ…။ (နည်းပါပြီ)၊ အင်မတန်မနစ်နာဘူးလား…။ (နစ်နာပါတယ်ဘုရား)။

ကိုင်း…ဒါဖြင့် ဒကာ ဒကာမတို့ အခုပြောတဲ့အတိုင်း လိုက်နာလို့ ရှိရင်ဖြင့် ၁-ကလဲ ၄-ဖြစ်…(မှန်ပါ)၊ ၂-ကလဲ… (၄-ဖြစ်ပါတယ်)၊ ဩော်…တယ်အဖိုးတန်ပါကလားဆိုတာ ပေါ်လာတယ်…။ (ပေါ်လာပါတယ်)၊ မပေါ်လာဘူးလား…။ (ပေါ်လာပါတယ်ဘုရား)။

**တို့ဟာ မင်္ဂလာ ရထိုက်တဲ့ ပုဂ္ဂိုလ်**

ကိုင်း…ဒါဖြင့် ဒကာကြွယ်ရေ သိပ်အဖိုးတန်တဲ့ အဓိပ္ပါယ်ကို ခင်ဗျားတို့ ကိုယ်ပိုင်ရလိုက်သဖြင့် ခင်ဗျားတို့ သာမညပါရမီရှိတဲ့ ပုဂ္ဂိုလ်လို့ မဆိုနဲ့…(မှန်ပါ)၊ ခင်ဗျားတို့ အကူအညီပေးတဲ့ပုဂ္ဂိုလ်ဟာ ခင်ဗျားတို့ ပါရမီကို အထ မြောက်အောင် လုပ်ပေးနေတဲ့ ပုဂ္ဂိုလ်ရှိပြီးသားပဲ၊ ခင်ဗျားတို့ သေချာတယ်…။ (မှန်ပါ)၊ သေချာပလား…။ (သေချာပါပြီ ဘုရား)။

တို့ဟာ မင်္ဂဖိုလ် ရထိုက်တဲ့ ပုဂ္ဂိုလ်မှ ဟုတ်ရဲ့လား လို့ဆိုတာ သံသယမရှိနဲ့…(မှန်ပါ)၊ လူမစွမ်း နတ်မ,ဆိုတာ ဖြစ်နေပြီ…။ (မှန်ပါဘုရား)။

**လူမစွမ်း နတ်မ,ဖြစ်နေပြီ**

လူမစွမ်း နတ်မ,ဆိုတာ…(ဖြစ်နေပါပြီ)၊ ဖြစ်နေပြီတဲ့၊ ကိုယ့်ဉာဏ်စွမ်းနဲ့တော့ ဒါ ဒီဉစ္စာ ဒီလိုမသွားနိုင်တော့ဘူး…။ (မသွားနိုင်ပါ)၊ ၁-ပုဂ္ဂိုလ် ဖြစ်ခဲ့လို့ရှိရင်လဲ ကျုပ်ဟာ လူပျိုတုန်း အားထုတ်၊ သေခါနီးမှ ရချင်ရမှာထင်ပါရဲ့တဲ့…။ (မှန်ပါ)၊ ဒီလိုပဲ တစ်ခါတည်း ဘုတ်ထိုင်,ထိုင်ပစ်မယ်…။ (ထိုင်ပါတယ်)၊ ဦးလှဘူး မထိုင်ပေဘူးလား…။ (ထိုင်ပါ တယ် ဘုရား)။

ဒီလို ဆရာကောင်းသမားကောင်းနဲ့ ပြင်ဆင်ပေးမည့် လူနဲ့ နည်းနာနိဿယနဲ့ ဘုရားဟောတော်မူတာတွေ ညှိနှိုင်း ပြီးတော့ ပြင်ပေးမည့်လူမရှိရင် ဒကာသစ် သိပ်ကျပ်သွား မယ်…။ (မှန်ပါဘုရား)။

သူ ကျပ်ပုံက သူ့စိတ်ကူး ဘယ်လိုလာမတုံးဆိုတော့ ကိုယ့်ဟာကိုယ် အားထုတ်ကြည့်တယ်၊ ကိလေသာ ကြား ထိုးတယ်…၊ ဩော်…ဒါဖြင့် ဘုန်းကြီးဟောတဲ့အတိုင်း, ဘုရားဟောတော်မူတဲ့အတိုင်း တို့က ဆင်းဆင်းရဲရဲကျင့်ပြီး နေးနေးမှ ရမှာ၊ အဲဒီတော့ နေးနေးပဲ ဆိုပြီး ကိုယ့်ဟာကိုယ်

တစ်ခါတည်း ဒကာ ဒကာမတို့ အကုန်ပဲ ပျော့လျော့ကုန်တယ်ဆိုတဲ့ အဓိပ္ပါယ် သက်ရောက်လာတယ်...။ (ရောက်ပါတယ်)၊ မနစ်နာဘူးလား...။(နစ်နာပါတယ်)၊အမြန်ရမှာ ဘယ့်နှယ်ဖြစ်သတုံး...။ (နှေးသွားပါတယ်)၊ နှေးသွားတော့ အသေက စောပြန်ပြီ ဆိုတော့ ကိုယ်ကျိုးက နည်းတယ်...။ (မှန်ပါ့)၊ အင်မတန် ကြောက်စရာ မကောင်းဘူးလား...။ (ကောင်းပါတယ် ဘုရား)။

အေး...ဒါကြောင့် ဒကာ ဒကာမတို့၊ အခု ဒီနေ့ ပြောတဲ့ အရေးဟာဖြင့်, ကိုယ့်ခန္ဓာကြီး ကိုယ့်ဒုက္ခကိုယ် သိမ်းချင်တဲ့ နည်းမှာဖြင့် အမြန်သိမ်းနည်း, အနှေးသိမ်းနည်း နှစ်မျိုး ပါရမီတွေက ဘယ်လိုပင် မရှိစေကာမူ အကူအညီ ကောင်းပြန်လို့ရှိရင် အနှေးသိမ်းမည့် ပုဂ္ဂိုလ်တောင်မှ အမြန် သိမ်းနိုင်တယ်...။ (မှန်ပါ့ဘုရား)။

**ဆရာ အရေးကြီးတယ်**

အနှေးသိမ်းရမည့် ပုဂ္ဂိုလ်တောင်မှ...(အမြန်သိမ်းရပါတယ်)၊ အမြန်သိမ်းနိုင်တယ်ဆိုတဲ့ဥစ္စာ ဒကာ ဒကာမတို့လဲ ဆရာနည်းအပေါ်မှာ မှီတယ်...။ (မှန်ပါ့ဘုရား)။

ရှင်းကြည့်ပါတဲ့ ဒကာ ဒကာမတို့၊ ရှင်သာရိပုတ္တရာ ဝါတွင်းသုံးလပေါတဲ့ ပန်းထိမ်သည်ကလေးဟာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်မရဘူး...။ (မှန်ပါ့)၊ နိမိတ်တောင် မထင်လာ

ဘူးတဲ့...။ (မှန်ပါ)၊ ဘုရားကို မနက်အပ်သွားတယ်၊ နည်းပေးကောင်းတော့ ညနေရတယ်...။ (မှန်ပါဘုရား)။

**ဘုရားဆီမှာ တစ်နေ့နှင့် ရဟန္တာဖြစ်တယ်**

ရှင်သာရိပုတ္တရာဆီမှာ ဝါတွင်းသုံးလ...(မှန်ပါ)၊ ဘုရားဆီကျတော့ မနက်အပ်သွားတယ်၊ ညနေကျတော့ ရဟန္တာဖြစ်နေတယ်...။ (မှန်ပါဘုရား)။

ဘာကွာသွားသတုံးဆိုတော့ နည်းပေးကွာသွားတာ...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဩော်...ဘာကွာသွားပါလိမ့်...။ (နည်းပေးကွာသွားပါတယ် ဘုရား)။

ဒါဖြင့် အခုနည်းဖြင့် ဒကာကြွယ် လိုလေသေး မရှိဘူး...။ (မှန်ပါ)၊ ရှိသေးရဲ့လား...။ (မရှိပါဘုရား)။

ကဲ...ဒါဖြင့် အားလုံး တရားနာလာကြတဲ့ ဒကာဒကာမတွေ ဩော်...ဒီနေ့ ပါရမီ အကြီးအကျယ်ပြည့်တဲ့နေ့ပါလား...။ (မှန်ပါဘုရား)။

ဘယ်လိုဆိုကြမယ်...(ပါရမီအကြီးအကျယ်ပြည့်တဲ့နေ့ပါဘုရား)။

ပါရမီ အကြီးအကျယ်ပြည့်တဲ့နေ့ပဲဆိုတာ ခင်ဗျားတို့ ဉာဏ်နဲ့ သေသေချာချာစဉ်းစားကြည့်တော့ ဆင်းဆင်းရဲရဲ ကျင့်ပြီးသကာလ နေးနေးမှ ရမယ်လို့ ဘုရားကိုက

ဟောတာ...(မှန်ပါ)၊ သဘောကျပလား...။ (ကျပါပြီ)၊ ဒီပုဂ္ဂိုလ်ရှိသေးတယ်ကွ တဲ့...။ (မှန်ပါ)၊ ဒကာကြွယ် မဟောဘူးလားဗျာ...။ (ဟောပါတယ်ဘုရား)။

စတုက္ကနိပါတ်အင်္ဂုတ္တိုရ်မှာ သေသေချာချာ ကိုယ်တော် တိုင် ဟောပါတယ်...။ (မှန်ပါ့ဘုရား)။

နည်းပေးကောင်းပြန်တော့လဲ ခုနင်က ရှင်သာရိ ပုတ္တရာက သုံးလနည်းပေးတယ်၊ မရဘူး...။ (မှန်ပါ)၊ ဘုရား က မနက်မှာ နည်းပေးတယ်၊ ညနေ ရဟန္တာဖြစ်တယ်...။ (မှန်ပါ)၊ ဒီတစ်ယောက်တည်း, ဒီတစ်ယောက်တည်း... (မှန်ပါ)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဒါဖြင့် ဆရာ့နည်းပေါ်မှာလဲ မှီသေးတယ် ဆိုတဲ့ဥစ္စာ ပါရမီချည့် မချနဲ့...(မှန်ပါ)၊ သဘောကျပလား...။ (ကျပါပြီ)။

**ဒီဘဝတွေ့ရတဲ့ ဆရာကို အားထားပါ**

တို့ဘဝက ညံ့ဖျင်းခဲ့တယ်၊ ဘဝတွေချမနေနဲ့...။ (မှန်ပါ)၊ ဒီဘဝတွေ့ရတဲ့ဆရာ အမှီပြုပြီးသကာလ အမြန် သွားနိုင်တဲ့နည်းဟာလဲ ဒကာကြွယ် ရှိသေးတယ် မှတ်လိုက် ပါ...။ (မှန်ပါ)။

ကဲ...ဦးမာဒင်တို့ သေပျော်ပလား...။ (သေပျော်ပါပြီ ဘုရား)၊ သေပျော်ပြီ...တဲ့ ဒကာ ဒကာမတို့၊ ဒီဥစ္စာ

ချီးမြှောက်ပြီးပြောနေတဲ့ စကားလို့ မအောက်မေ့နဲ့...။ (မှန်ပါ့)၊ အမှန်ရှိပြီးသား ပုဂ္ဂိုလ်ကို အမြန်ဖြစ်အောင်လုပ်တာ... (မှန်ပါ့)။

အမှန်ကတော့ ခင်ဗျားတို့ ဆင်းဆင်းရဲရဲကျင့်ပြီး နေးနေးမှ ရမှာချည့်ပဲ၊ ဒီပုဂ္ဂိုလ်တွေဟာ...(မှန်ပါ့)၊ သဘော ကျပလား...။ (ကျပါပြီ)။

အခု ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပြင်ပေးသလို ရှင်သာရိပုတ္တရာတောင်မှ အပေးမှားနေလို့ ဘုရားပြင်ပေးရ သလို ဒီမှာလဲ ဘုရား ဒီနေရာမှာ ဒီဟာ ဟောငြားသော်လဲ ဟို နေရာမှာ ဘုရားက ဒီလိုရှုရင် ရသေးတယ်ဆိုတဲ့ဥစ္စာ တစ်နေ့က ပါဠိတော်နဲ့တော့ ကိုက်သွားရောပေါ့ ဒကာ သစ်ရာ...။ (မှန်ပါ့)။

ကိလေသာ ကြားမခိုရင် မြန်မြန်ရမယ်...။ (မှန်ပါ့)၊ အဲဒီပါဠိကို သွင်းလိုက်...(မှန်ပါ့)၊ ဒကာကြွယ် နေရာကျ ပလား...။ (ကျပါပြီဘုရား)။

ကိုင်း...ဒါဖြင့် ဒကာ ဒကာမတို့ ၁–ကလဲ ၄–ဖြစ် ပါတယ်...။ (မှန်ပါ့)၊ ၂–ကကော...(၄–ဖြစ်ပါတယ်ဘုရား)။

သြော်...နေရာကျလိုက်တာ ဒကာသစ်ရေ၊ နေရာကျ တယ်၊ နေရာကျတယ် ဒကာ ဒကာမတို့နော်...။ (မှန်ပါ့)။

သြော်...ခင်ဗျားတို့ ဆရာဘုန်းကြီးကလဲ ကျန်းကျန်း မာမာနဲ့၊ ခင်ဗျားတို့ကလဲ ထောင်နိုင်တဲ့ နားနဲ့ ကျန်းကျန်း

မာမာလဲရှိလို့ တို့ ဘာလိုသေးသတုံးလို့ တွေးမနေနဲ့တော့ နော်...။ (မှန်ပါ့ဘုရား)၊ လာတာ ရှုပေး...မြန်ဉာဏ်ထက် မှာပဲဆိုတာ တွေးတော့...။ (မှန်ပါ့)၊ လာတာ ရှုရင်ဖြင့် ဒကာ ဒကာမတို့ မဆင်းရဲပါဘူး...။ (မှန်ပါ့ဘုရား)။

ကြားထိုးလာတာတွေသာ ရှုရင်...(မဆင်းရဲပါဘူး)၊ ဘာဖြစ်လို့ မဆင်းရဲသတုံးဆိုတော့ ကြားထိုးလာတာက ပဋိစ္စသမုပ္ပါဒ် တန်းမလာလို့လာတာ...(မှန်ပါ့ဘုရား)၊ အဲ... တန်းမလို့လာတာကို ကျုပ်တို့က သူ့အတန်းခံသလား၊ သူ့ကြောင့် မဂ်ဖြစ်စေသလား...။ (သူ့ကြောင့် မဂ်ဖြစ်စေပါတယ် ဘုရား)။

အင်း...လာတာ ဖြစ်ပျက်ရှုလိုက်၊ ကျုပ်တို့ ဉာဏ် မဂ်ကနေပြီး ပဋိစ္စသမုပ္ပါဒ် ဖြတ်ချလိုက်...(မှန်လှပါ)၊ ဖြတ်ချလိုက်တော့ ဦးလှဘူးရေ မြန်သွားတယ်...။ (မြန်ပါ တယ် ဘုရား)၊ မမြန်ဘူလား...။ (မြန်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဆင်းရဲစွာကော ကျင့်ကြရ သေးသလား...။ (မကျင့်ရပါဘုရား)၊ ဉာဏ်ချင်းကလဲ ဆက် သွားတဲ့အတွက် ဉာဏ်ကလဲ ထွက်သွားပြီ...ဉာဏ်ချင်း မဝေးလို့ဆိုတဲ့ ဥစ္စာလဲ ဒကာ ဒကာမတွေ သိပါပြီ...။ (မှန်ပါ့ဘုရား)၊ ပေါ်ကြပလား...။ (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာကြွယ်တို့၊ ဦးမာဒင်တို့ ဩော်...တယ် လိုပါကလားဆိုတာ ပေါ်လာတယ်...။ (ပေါ်ပါတယ်ဘုရား)။

**ပန်းထိမ်သည်ကို အသုဘကမ္မဋ္ဌာန်းပေးတယ်**

တယ် လိုပါကလားဆိုတာ ကြည့်ပါလား...ပန်းထိမ်သည်ကလေး ရှင်သာရိပုတ္တရာ သူ့ဆွမ်းခံအိမ်က ကလေးကလေး, သူ သင်္ကန်းဝတ်ပေးတယ်...။ (မှန်ပါ့)၊ တစ်ခါတည်း သင်္ကန်းဝတ်ပြီး ကျင့်ကွာ၊ အသုဘ ဆိုတဲ့...(မှန်ပါ့)၊ တော်တော်ကြာ တစ်လလောက်ရှိတော့ ဝါဆိုလပြည့်က ဝါခေါင်လပြည့်လောက်တော့ မေးကြည့်တယ်၊ မင်း ဘယ့်နှယ်နေသတုံး၊ ပြောစမ်းပါဦး...တဲ့၊ ဘာမှ မမြင်သေးပါဘူးဘုရား...။ (မှန်လှပါ)။

ဝါခေါင်လပြည့်က တော်သလင်းလပြည့်လောက်ကျတော့ တစ်ခါခေါ်ပြန်တယ်၊ မင်း ဘယ့်နှယ်တုံးကွ... ငါပေးထားတဲ့ ကမ္မဋ္ဌာန်း မမြင်သေးဘူးလားတဲ့၊ မမြင်သေးဘူးဘုရား၊ အင်း...ကိုယ်တော်ကြီးက လျှော့ချင်လာတယ်၊ မင်း ငါ ချွတ်လို့ ကျွတ်မထင်ပါဘူးတဲ့...။ (မှန်ပါ့)။

**သုံးလကြာသော်လဲ မဂ်မရ**

နောက် သီတင်းကျွတ်တော့ မေးကြည့်တော့လဲ ဦးမာဒင် မရဘူး ပြောတယ်...။ (မှန်ပါ့)၊ ဒီတွင် ကိုယ်တော်ကြီးက ဆုံးဖြတ်ချက်ချတယ်...။ (မှန်ပါ့)၊ ငါက သာဝက... တဲ့၊ သာဝကချွတ်လို့ ရသည့် ပုဂ္ဂိုလ် မဟုတ်ပါဘူး၊ ဗုဒ္ဓ

ဝေနေယျ ထင်ပါရဲ့၊ ဘုရားချွတ်မှ ရမှာထင်ပါရဲ့လို့ သူက အောက်မေ့တယ်…။ (မှန်ပါ့)။

ဒါနဲ့ ဘုရားဆီ ဒီရဟန်းလေး ခေါ်သွားပြီးတော့ ဘုရားက ပြုံးတာပေါ့ဗျ…(မှန်ပါ့)၊ အင်း…ရှင်သာရိပုတ္တရာ ကမ္မဋ္ဌာန်းပေးလွဲနေပြီ…တဲ့…။ (မှန်လှပါ)။

လွဲနေပြီ၊ ဘယ်လိုလုပ်၊ ဘယ်လိုကိုင်ဆိုတာ သူ့မှာ အပြင်ဆင်မရှိဘူး၊ အမေမှာတဲ့ ဆန်တစ်ခွဲ သုံးစိတ်နဲ့မလဲ ဖြစ်နေပြီ…။ (မှန်ပါ့)၊ ဒါ…ပညာတေဒင်ရပြီးသားဗျ…။ (မှန်လှပါ)၊ ဒါတောင် ဒကာကြွယ် ခြေချော်နေတယ်ဆိုတော့ ပြောဖို့ လိုသေးသလား…။ (မလိုပါဘုရား)။

ဩော်…ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကဲကွာတဲ့, မင်းတပည့် အပ်ထားခဲ့တာပေါ့၊ မင်း ညနေ တစ်ခေါက် လာခဲ့တာပေါ့တဲ့…။ (မှန်ပါ့)၊ ပြောတောင်ပြော လိုက်သေးတယ်…။ (မှန်ပါ့)။

**ဘုရားက ကြာပန်းပေးတယ်**

အင်း…ကိုယ်တော်မြတ်ကြီးက ကြာပွင့်ကြီး သဲပုံပေါ် မှာ တန်ခိုးနဲ့စိုက်ပြီး ကြာပွင့်တွေ ကြွေကျတာ အနိစ္စအဖြစ်ကို ပေးချလိုက်တယ်…။ (မှန်ပါ့)၊ အဲဒါရှုကွာ…အဲဒါရှုကွာ… တဲ့၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အဲဒီလို ကြွေကျ တာမျိုး ခင်စရာ, မင်စရာရှိရဲ့လား…။ (မရှိပါ)၊ ခင်စရာ

မင်စရာမရှိရင် တဏှာသေတာပဲ၊ တဏှာသေလို့ရှိရင် တစ်မဂ် ရနိုင်တာပဲ၊ နောက် များများသေလို့ရှိရင် တဏှာ လေးခါ သေရင် လေးမဂ်ရမှာပဲဆိုပြီး ကိုယ်တော်ကြီးက ဒီကနေပြီးသကာလ ဒီကြာပန်းကြီး အကြောင်းရင်းခံပြီး မင်း...အဲဒါသာ ကြည့်ပြီး ရှုနေတော့၊ ခန္ဓာဉာဏ် လှည့် လိုက်ကွတဲ့...။ (မှန်လှပါဘုရား)၊ ဒီ ခန္ဓာ ကြာပန်းလိုပဲ ဖျတ်ဖျတ် ဖျတ်ဖျတ်နဲ့ အနိစ္စတွေလည်နေတယ်၊ ပြန်ကြည့် လိုက်ဆိုတော့ ဟိုမှာ ရဟန္တာဖြစ်နေပြီ...။ (မှန်ပါ)။

ညနေကျတော့ ရှင်သာရိပုတ္တရာလာတော့ အံ့အားသင့် တယ်...။ (မှန်ပါဘုရား)၊ ဒကာကြွယ် ဘာဖြစ်လို့ အံ့အား သင့်နေသလဲ၊ သူ နည်းပေးလွဲနေလို့...(မှန်ပါ,နည်းပေး လွဲနေလို့ပါဘုရား)။

**တစ်ရက်နဲ့ ရဟန္တာဖြစ်တယ်**

ဟိုမှာတော့ တစ်ရက်နဲ့ပြီးတယ်...။ (မှန်ပါ)၊ သူ့မှာ တော့ ရက်ပေါင်းကိုးဆယ်...(မှန်ပါဘုရား)၊ ကိုးဆယ်နဲ့ တစ်ရက်နဲ့ဆိုတော့ ဦးလှဘူး မကွာဘူးလား...။ (ကွာပါ တယ် ဘုရား)။

အဲဒါ ဘာလိုလို့ဆိုတာလဲ ဒကာ ဒကာမတွေ နှိုင်းချိန် ကြည့် ပေါ်ပါပြီ...။ (နည်းပေးလိုလို့ပါဘုရား)၊ နည်းပေး

ဆရာလိုနေတယ်...။ (မှန်လှပါဘုရား)၊ ပေါ်ကြပလား...။ (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဆရာကတော့ဖြင့် အခု နည်း မပေးလိုပါဘူး...။ (မလိုပါဘုရား)၊ ခင်ဗျားတို့က လိုရင် တော့ ကြာလိမ့်မယ်...။ (မှန်ပါ)၊ ရိပ်မိပလား...။ (ရိပ်မိ ပါပြီဘုရား)။

ဆရာကတော့ဖြင့်...(နည်းပေးမလိုပါဘုရား)၊ နောက် ကြာနေရင်တော့ ဘယ်သူလိုလို့လဲ...(တပည့်တော် လိုလို့ပါ ဘုရား)။

အဲဒါလဲ ဂုဏ်မယူကြပါနဲ့...။ (မှန်ပါ)၊ ဟာ...တပည့် တော်တို့ လိုတယ်ဘုရား၊ လိုတာတော့ မပြောနဲ့တော့ ဘုရား၊ အို...ပြောပါရစေဦး၊ ရိပ်မိပလား...။ (ရိပ်မိပါပြီ)၊ လိုတာ တော့ ပြောပါရစေဦး ဒကာကြွယ်၊ မပြောထိုက်ဘူးလား...။ (ပြောထိုက်ပါတယ်ဘုရား)၊ ဘယ့်နှယ် ဖျင်းတာတွေ အကုန် ဖော်ပါရစေဦး...။ (မှန်ပါဘုရား)၊ ရှင်းပလား...။ (ရှင်းပါပြီ)။

အဲဒါမလာက် ခင်ဗျားတို့ ဖျင်းတာတွေသည်ကားလို့ ဆိုရင် ကိုယ်လိုလို့သာ မှတ်ပေတော့၊ ဒီဥစ္စာနည်းပေးဖြင့် ကုန်နေပြီ...။ (ကုန်နေပါပြီဘုရား)။

ဒကာကြွယ် နောက် မညည်းနဲ့နော်...။ (မညည်းပါ ဘုရား)၊ သြော်...နိဗ္ဗာန်ဆိုတာ လွယ်လွယ်လားမှတ်တယ် ဘုရား၊ လုပ်တော့ အတော်လုပ်ရပါကလား...။ (မှန်ပါ)။

အဲမှာ...လေချိုတော့ မသွေးလာနဲ့...။ (မှန်ပါ့)၊ နေရာ မကျဘူး...တဲ့၊ ကိုယ်လိုတာသက်သက်ပါ...(မှန်ပါ့)။

လာတာ ရှုတယ်ဆိုကတည်းက အနိစ္စဉာဏ် ပြတ်သေးရဲ့လား...။ (မပြတ်ပါဘုရား)၊ ဘယ်ကလာပြီး ပဋိစ္စသမုပ္ပါဒ် ဆက်နိုင်သေးရဲ့လား...။ (မဆက်နိုင်ပါဘုရား)။

မဆက်နိုင်လို့ရှိရင် မဆက်တာဟူသရွေ့ နိဗ္ဗာန်ချည့်ကျေးဇူးပြုတယ်...။ (မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ်ဆုံးရင် ဘာဆိုကြမယ်...(နိဗ္ဗာန်ပါဘုရား)၊ ဘယ်နေရာကဆုံးဆုံး, တဏှာကဆုံးလဲ တဏှာဆုံးလို့ နိဗ္ဗာန်ပဲ...။ (မှန်ပါ့)၊ ဥပါဒါန်ဆုံးရင်ကော...(နိဗ္ဗာန်ပါဘုရား)၊ ကံဆုံးရင်ကော...(နိဗ္ဗာန်ပါဘုရား)။

**တဏှာငြိမ်း နိဗ္ဗာန်၊ ကံငြိမ်းလဲ နိဗ္ဗာန်**

အဲဒါတွေ သေသေချာချာ မှတ်ထားပါ...။ (မှန်ပါ့)၊ တဏှာငြိမ်းလဲ နိဗ္ဗာန်၊ ဥပါဒါန်ငြိမ်းလဲ...(နိဗ္ဗာန်ပါ)၊ ကံငြိမ်းလဲ...(နိဗ္ဗာန်ပါဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီး 'ကုသလာကုသလံ ဇဟံ' ဆိုတော့ ဘုရားဖြစ်တာပဲ...။ (မှန်ပါ့)။

ဟာ...ဥပါဒါန်မရှိတဲ့ ပုဂ္ဂိုလ်ဟာ ဘဝပဋိသန္ဓေ မနေဘူးဆိုတော့လဲ နိဗ္ဗာန်ပဲ...။ (မှန်ပါ့)၊ 'တဏှာနိရောဓော

နိဗ္ဗာန်’လို့ ဆိုလိုက်ပြန်တော့ တဏှာချုပ်တော့ကော...(နိဗ္ဗာန် ပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့၊ သူ့အဆက်မခံနိုင်တဲ့ ကျုပ်တို့လာသရွေ့ ဖြစ်ပျက်ရှုနေတဲ့ကံသည် တဏှာကိုလဲ ငြိမ်းစေလို့ နိဗ္ဗာန်...။ (မှန်ပါ)၊ ဥပါဒါန်နဲ့လဲငြိမ်းစေလို့...။ (နိဗ္ဗာန်ပါဘုရား)၊ ကံကိုလဲ ကုန်စေလို့...(နိဗ္ဗာန်ပါဘုရား)၊ ကဲ...ဒကာကြွယ် ဝေးသေးသလား...။ (မဝေးပါဘုရား)။

**ပဋိစ္စသမုပ္ပါဒ်ပြတ်တာ နိဗ္ဗာန်**

ကိုင်း...ဒကာ ဒကာမတို့ ပဋိစ္စသမုပ္ပါဒ်ပြတ်တာဟာ နိဗ္ဗာန်ပဲ ကိုယ်က မဖြတ်လို့မပြတ်တာ...။ (မှန်ပါ)၊ ကိုယ်က လာတိုင်းသာ ဉာဏ်နဲ့ ဖြတ်ပေးနေရင်...(ပြတ်ပါတယ်ဘုရား)၊ ပြတ်တယ်ဆိုတာ သေချာပလား...။ (သေချာပါပြီဘုရား)။

ဒါကြောင့် ဘုရားက ‘ယထာယထာပနသ ကာယော ပဏိဟိတော၊ တထာ တထာ ပဇာနာတိ’ အို...လာတာသာ ရှုနေတဲ့...၊ နောက်ဆုံးပိတ် နိဂုံးချုပ်လိုက်တယ်...။ (မှန်ပါ)။

ဒကာကြွယ် ဘာတဲ့...(လာတာသာရှုနေပါတဲ့ဘုရား)၊ လာတာ ရှုနေကွာ၊ အကုန် ကြားထိုးလဲ ရှု၊ ပင်ကို ရှိတာ...(မှန်ပါ)၊ ပင်ကိုရှိတဲ့နေရာမှာ ကြားထိုးလာရင်လဲ...

(ရှုရမှာပါဘုရား)၊ ဒီလိုဆိုတော့ ဒကာသစ် ဉာဏ်ပြတ်သေးရဲ့လား...။ (မပြတ်ပါဘုရား)။

**ဉာဏ်မပြတ်ရင် ဉာဏ်ထက်တယ်**

ဉာဏ်မပြတ်လို့လဲ ဉာဏ်ထက်တယ်...။ (မှန်ပါ့)၊ အရှုပ်တရားတွေကိုလဲ အကူအညီယူသောကြောင့် ကျုပ်တို့သည် ချမ်းသာတယ်...။ (မှန်ပါ့ဘုရား)။

အရှုပ်တရားတွေ အကူအညီရသောကြောင့်...(ချမ်းသာပါတယ်)၊ ဉာဏ်ကလဲ လာတာရှုနေသောကြောင့်...(ထက်ပါတယ် ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ချမ်းသာစွာကျင့်၍ မြန်မြန်ရမယ်...။ (မှန်ပါ့)၊ ပေါ်ကြပလား...။ (ပေါ်ပါပြီဘုရား)။

ဘယ်လိုပါလိမ့်ဗျာ...(ချမ်းသာစွာကျင့်၍ မြန်မြန်ရမှာပါဘုရား)၊ ချမ်းသာစွာကျင့်၍ မြန်မြန်ရမည့်နည်းကို ယနေ့ပေးတာပဲ...။ (မှန်ပါ့)။

ကိုင်း...ဒကာ ဒကာမတို့ ၃-နံပါတ်ကလေး ပြောဦးတဲ့...။ (မှန်ပါ့)၊ ချမ်းချမ်းသာသာကျင့်ပြီးတော့ နေ့နေ့မှရမယ်...။ (မှန်ပါ့ဘုရား)။

ဘာတဲ့တုံး...။ (ချမ်းချမ်းသာသာ ကျင့်ပြီးတော့ နေ့နေ့မှ ရပါမယ်ဘုရား)။

ချမ်းချမ်းသာသာကျင့်ပြီး နေ့နေ့မှ ရမယ်လို့ဆိုထား ပြန်တော့ အင်း...သူ ချမ်းသာတာကတော့ ကိလေသာတော့ ဖြင့် ပါးရဲ့ပေါ့ဗျာ...။ (မှန်ပါ့)။

ကိလေသာကတော့ ပါးတယ်တဲ့ ဒကာ ဒကာမတို့... (မှန်ပါ့)၊ ကိလေသာပါးတဲ့အတွက် ကျင့်ရတာတော့ဖြင့် သိပ်ပြီးသကာလ မပင်ပန်းဘူးပေါ့ဗျာတဲ့...။ (မှန်ပါ့)၊ နေ့တော့...(နေ့ပါတယ်ဘုရား)။

အဲဒီ နေ့တဲ့ ပုဂ္ဂိုလ်ကလဲ ဒကာ ဒကာမတို့ တခြား မဟုတ်ဘူးတဲ့၊ ဉာဏ်ဝေးလို့ နေ့တာ...။ (မှန်ပါ့)။

ဘယ်လိုယူကြမယ်...(ဉာဏ်ဝေးလို့နေ့တာပါ)၊ဉာဏ် ဆက် ဝေးလို့လို့ ယူလိုက်စမ်းပါ...။ (မှန်ပါ့ဘုရား)။

**ဉာဏ်ဆက်ဝေးလို့ နေ့တာ**

ဘယ်လိုယူကြမယ်...(ဉာဏ်ဆက်ဝေးလို့ပါ)၊ ဉာဏ် ဆက်ဝေးလို့ နေ့တယ်...။ (မှန်ပါ့)၊ ပေါ်ကြပလား...။ (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ဉာဏ်ဆက်ဝေးလို့ နေ့ပါတယ်ဆိုတာလဲ ဒကာသစ်ေတစ်ခါတည်း သံသယရှိဖို့ လိုသေးသလား...။ (မလိုပါဘုရား)၊ ဉာဏ်ဆက်နီးရင် အမြန်ရမယ်...။ (မှန်ပါ့)။

ဉာဏ်ဆက်နီးရင်...(အမြန်ရမယ်)၊ အမြန်ရမယ် ဆိုတာ ပေါ်ကြပလား...။ (ပေါ်ပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဘုရားက ဒီပုဂ္ဂိုလ်လဲ ရှိသေးသကွ တဲ့…။ (မှန်ပါ)၊ ချမ်းချမ်းသာသာကျင့်ပြီးသကာလ နေရ ကြားသော်လဲ အရနေးတယ်ကွ ဆိုတော့ သြော်…ဉာဏ် တစ်ဉာဏ်က တစ်ဉာဏ် ဖြစ်ပျက်မြင်တာ တော်တော်ဝေးနေ လို့ပဲ…။ (မှန်ပါ)၊ မဆိုထိုက်ဘူးလား…။ (ဆိုထိုက်ပါတယ် ဘုရား)။

အဲဒီလို ဆိုထိုက်တော့ ဘုန်းကြီးတိုက ဒကာ ဒကာမ တွေ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောထားတာရှိသေး တယ် ဟုတ်လား…။ (မှန်ပါ)။

နေးတယ်ဆိုတာကလဲ ဒကာ ဒကာမတို့ ဝီရိယပေါ့ လို့…၊ ဒါကြောင့် တပည့်တော်တို့ ဆွမ်းကလေး၊ ကွမ်း ကလေးနဲ့ သန်္ခါရပြုတော့ လူ့သန်္ခါရ၊ နတ်သန်္ခါရကျတော့ ဝီရိယက မပြောဘူးလား…။ (ပြောပါတယ်ဘုရား)။

အဲဒီတော့ အဲဒီနေရာကျတော့ ဒကာသစ်တို့က ဝီရိယ ပြင်းထန်ပေးလိုက်…(မှန်ပါ)၊ လာသရွေ့ရှုဗျာ၊ မလွတ်စေ ဘူးဟော့ဆိုတဲ့ ဝီရိယ ဘာလုပ်ပေးရမလဲ…(ပြင်းထန်ပေးရ ပါမယ်)၊ ပြင်းထန်ပေးရမယ်ဆိုတာ ပေါ်လာပလား…။ (ပေါ် လာပါပြီဘုရား)။

ဒါဖြင့် ဝီရိယပြင်းထန်ပေးလိုက်တဲ့အခါကျတော့ နေး သလား…။ (မနေးပါဘုရား)။

## ဝီရိယ ပြင်းပြင်းထန်ထန်လုပ်ပါ

သူဟာသည်ကား...လို့ဆိုရင် ကံပေးမှ ယူမယ်ဆိုတဲ့ အဓိပ္ပါယ်ကိုး...။ (မှန်ပါ)၊ ဘုန်းကြီးများက အို...ဝီရိယ နဲ့သာ မြန်မြန်ယူလိုက်တာ အေးပါတယ်ဆိုတော့ လာသရွေ့ သာ ခင်ဗျားတို့က ဖြစ်ပျက်ရှုပေး၊ ဝီရိယပြင်းပြင်းထန်ထန် နဲ့ လုပ်လိုက်...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဘယ်လိုလုပ်ကြမယ်...။ (ဝီရိယ ပြင်းပြင်းထန်ထန် လုပ်ကြရပါမယ်ဘုရား)။

ဝီရိယ ပြင်းပြင်းထန်ထန်နဲ့ လုပ်လိုက်ပြီးဆိုမှဖြင့် မရသေးတာ ရအောင်ပဲ လုပ်မယ်၊ ရပြီးသား ခိုင်မြဲအောင် လုပ်မယ် ဆိုတဲ့ ဝီရိယနှစ်ခု သုံးလိုက်တာပေါ့...။ (မှန်ပါ)။

ဘုရားက ဒီဥစ္စာ ချမ်းချမ်းသာသာကျင့်ပြီး နေ့နေ့ ရမယ်ဆိုတော့ နေ့တာတော့ ကျုပ်တို့ မခံနိုင်ဘူးဆိုပြီး ကိုယ့်စိတ်ထဲက အမြန်ပဲ ရချင်တယ်၊ အသေကစောသွားရင် ခက်မယ်ဆိုပြီးသကာလ...တဲ့၊ ချမ်းချမ်းသာသာနဲ့ ကျင့်ရ ကြားသော်လဲ လာသရွေ့ကိုဖြင့်, ဒကာ ဒကာမတို့ ကိလေသာ ကတော့ဖြင့် သူ ပါးတော့ ပါးတယ်၊ ပါးပေမယ့်လဲ ပါးသလောက် ကြားတော့ ထိုးဦးမှာပဲ...။ (မှန်ပါ)၊ သဘော ကျပလား...။ (ကျပါပြီဘုရား)။

ပါ:သလောက်... (ကြားထိုးဦးမှာပါ)၊ ကြားထိုးဦး မှာပဲ...။ (မှန်ပါ့)။

အဲဒီ ကြားထိုးကို ဒကာ ဒကာမတွေက ဘယ်လိုလုပ် မလဲ...။ (ဖြစ်ပျက်ရှုရမှာပါဘုရား)၊ သူကတော့ ဖြည်းဖြည်းမှ ကြားကလေး တစ်ခါတစ်ခါထိုးမယ်...။ (မှန်ပါ့)၊ ကိလေသာ ပါ:တဲ့ ပုဂ္ဂိုလ်ကိုးဗျ...။ (မှန်ပါ့)။

သို့သော် ထိုးတာကိုပင်လျှင် ကျုပ်တို့က ဘာလုပ် မယ်...။ (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ကိုင်း...ဒါဖြင့် ဖြစ်ပျက်တွေချည့်ရှုထားတာကလဲ ဉာဏ်ကလဲထက်...(မှန်ပါ့)၊ ကြားထိုးကိလေသာက ပဋိစ္စ သမုပ္ပါဒ် ဆက်မလို့လာတာလဲ ကျုပ်တို့ ဆက်ရသေးရဲ့ လား...။ (မဆက်ရပါဘူးရား)။

မဆက်ရတော့ နဂိုကလဲ ဉာဏ်ရှိန်က ကြီးလာတာ ကလေးကိုလဲ ဉာဏ်အဖြစ်နဲ့ပဲ, ဉာဏ်နဲ့ပဲ အသုံးချလိုက် တယ်...။ (မှန်ပါ့ဘုရား)။

ဘယ်လိုလုပ်လိုက်သလဲ...။ (ဉာဏ်နဲ့ပဲ အသုံးချလိုက် ပါတယ် ဘုရား)။

ဉာဏ်နဲ့ပဲ အသုံးချလိုက်တော့ ဒကာ ဒကာမတို့ ချမ်းချမ်းသာသာလဲကျင့်ရ...(မှန်ပါ့)၊ ဉာဏ်ချည့်အသုံးချတဲ့ အတွက် မြန်မြန်လဲရ...(မှန်ပါ့)၊ ဒါဖြင့် စတုတ္ထထဲဝင်သွား တယ်...။ (မှန်ပါ့ဘုရား)။

ဒါဖြင့် ပထမလဲ စတုတ္ထထဲဝင်တာပဲ...။ (မှန်ပါ)၊ ဒုတိယကော...(စတုတ္ထထဲဝင်ပါတယ်ဘုရား)၊ တတိယကော...(စတုတ္ထထဲဝင်ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ကျုပ်တို့ အသက်တမ်းကလဲ ဒကာကြွယ် အင်မတန်တိုပါတယ်...။ (တိုပါတယ်ဘုရား)။

အသက်တမ်းက...(တိုပါတယ်)၊ အင်း...လေကလေး ပြင်ဘက်ထုတ်တဲ့ စိတ်ကလေးပြီးရင် နောက် ရှိက်တဲ့စိတ်ဝမ်းထဲ မပေါ်တော့ဘူး၊ ဒကာကြွယ် ဘယ်လိုဆုံးဖြတ်ချက်ချမလဲ...။ (သေပါတယ်)၊ သြော်...တယ်တိုတဲ့ အသက်တမ်းပါကလားဆိုတာ ပေါ်လာတယ်...။ (ပေါ်လာပါတယ်)၊ မပေါ်လာဘူးလား...။ (ပေါ်လာပါတယ်ဘုရား)။

အခုလို တစ်ခါ အတွမ်းမစ်တွေ ဘာတွေ အသံတွေ ပလံတွေနဲ့ ရှုပ်လာပြန်တော့လဲ အင်း...ကမ္ဘာကြီးတောင် ပျက်နိုင်ပါလား ဆိုတဲ့ အတိုကကော...(တိုပါတယ်)၊ မရှိဘူးလား...။ (ရှိပါတယ်ဘုရား)။

အဲဒါတွေရှိနေတော့ ဒါလောက်တိုတဲ့အထဲမှာ ကျုပ်တို့က ဆင်းဆင်းရဲရဲကျင့်၊ နေ့နေ့ရမယ်...။ (မှန်ပါ)၊ ဆင်းဆင်းရဲရဲကျင့် မြန်မြန်ရမယ်၊ ဒါလဲ မလိုချင်ဘူး...။ (မှန်ပါ)၊ ချမ်းချမ်းသာသာကျင့်ပြီး နေ့နေ့ရမှာကော... (မလိုချင်ပါဘုရား)။

ဟာ…မြန်မြန်ကြီး တစ်ခါတည်း ဒကာ ဒကာမတို့ ချမ်းချမ်းသာသာလဲကျင့်၊ မြန်မြန်လဲ ရတဲ့ နည်းကိုလိုက်… (မှန်ပါ့ဘုရား)။

ဘယ်ဟာ လိုက်ကြမယ်…။ (ချမ်းချမ်းသာသာကျင့်ပြီး မြန်မြန်ရတဲ့နည်းကို လိုက်ရပါမယ်ဘုရား)။

ဒကာ ဒကာမတွေ ကျင့်တဲ့အခါလဲ ချမ်းချမ်းသာသာ ဆိုတော့ ဒကာ ဒကာမတို့ အကြိုက်ပဲကျမယ်…။ (ကျပါတယ်)၊ အမြန်ရတယ်ဆိုတော့…(အကြိုက်ပဲကျပါတယ်)၊ ဒါဖြင့် ကိုယ့်အကြိုက် ဟိုမှာ ၄-နံပါတ်သွားနေတယ်…။ (မှန်ပါ့ဘုရား)။

ကိုယ့်အကြိုက်က…(၄-မှာ သွားနေပါတယ်)၊ ၄-ဆိုတာ ဘာပါလိမ့် ဒကာကြွယ်ရေ…(ချမ်းချမ်းသာသာ ကျင့်ပြီး မြန်မြန်ရတာပါဘုရား)။

ချမ်းချမ်းသာသာလဲ ကျင့်ရတယ်၊ အမြန်လဲ ရတယ်၊ ၄-နံပါတ်ကလေ…(မှန်ပါ့ဘုရား)။

ခင်ဗျားတို့ အကြိုက်ဆုံး ဒီထဲမှာ ဘယ်ဟာပါလိမ့်… (၄-နံပါတ်ဘုရား)၊ ၄-နံပါတ်ပဲ…။ (မှန်ပါ့ဘုရား)။

ဒါဖြင့် ၄-နံပါတ်ဟာ ခင်ဗျားတို့၏ ခေတ်အကြိုက်ပဲ ဆိုရင်လဲ မလွဲပါ…။ (မှန်ပါ့)၊ ၄-နံပါတ်ဟာ ခေတ်အကြိုက်ပဲဆိုရင်…(မလွဲပါဘုရား)။

## ပြင်ရင် ရပါတယ်

အဲဒီ ၄–ဖြစ်ချင်လို့ရှိရင်လဲ ၁–ကိုလဲ ပြင်ရင်ရပါတယ်...။(မှန်ပါ့)၊ ၂–ကို ပြင်ရင်လဲ...(ရပါတယ်)၊၃–ကို ပြင်ရင်...(ရပါတယ်)၊ ဒါကတော့ ဆရာသမားအပေါ်မှာ မှီတယ်...။ (မှန်ပါ့ဘုရား)။

ပင်ကို ပါရမီက ၁–ပုဂ္ဂိုလ်လဲ ပါကြတာပဲ...။ (မှန်ပါ့ဘုရား)၊ ၂–ပုဂ္ဂိုလ်...(ပါ,ပါတယ်)၊ ၃–ပုဂ္ဂိုလ်...(ပါ,ပါတယ်)၊ ပါကြတာပဲ၊ သို့သော် များသောအားဖြင့် ၁–၂–၃–ကတော့ များတယ်...။ (မှန်ပါ့)၊ ၄–ဟာ ဘုရားလက်ထက်က လူတွေများတယ်...။ (မှန်ပါ့ဘုရား)။

၄–ဟာ...(ဘုရားလက်ထက်က လူတွေများပါတယ်)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

အခု အများဆုံးကို ရေတွက်ရင်ဖြင့် ၁–ပုဂ္ဂိုလ်များတယ်...။ (မှန်ပါ့)၊ အဲဒီ ၁–ပုဂ္ဂိုလ်ကို ၄–ပုဂ္ဂိုလ်ဖြစ်ချင်ရင်လဲ ခင်ဗျားတို့ အခုပြောတဲ့နည်းကိုသာလိုက်ပါ...။ (မှန်ပါ့ဘုရား)။

၁–ပုဂ္ဂိုလ်ဟာ ၄–ဖြစ်ချင်ရင်...(အခုပြောတဲ့နည်းကိုသာ လိုက်ရပါမယ်ဘုရား)

ပြောတဲ့နည်း ဆိုတာက ကြားထိုး ကိလေသာကို ကိုယ်ပိုင်ဖြစ်အောင်လုပ်ဖို့ပဲ...။ (မှန်ပါ့ဘုရား)။

ဘာဆိုကြမယ်…(ကြားထိုးကိလေသာကို ကိုယ်ပိုင် ဖြစ်အောင် လုပ်ဖို့ပါ)၊ သဘောကျပလား…။ (ကျပါပြီ ဘုရား)။

**ဒါရုစိရိယ**

ကြည့်ပါတဲ့ ဒကာ ဒကာမတို့၊ ဒါရုစိရိယတို့ ယူဇနာ တစ်ရာ့နှစ်ဆယ့်ခရီး ညတွင်းပေါက်ပြေးတယ်…။ (မှန်ပါ)၊ ဘုရားက ဆွမ်းခံသွားနေတာ၊ ဆွမ်းခံရင်းမတ်တတ် အရှင် ဘုရား တရားဟောပါတဲ့…။ (မှန်ပါဘုရား)။

ဆွမ်းခံရင်းမတ်တတ် တရားဟောပါ ဆိုတော့ ဟ… ဒါရုစိ၊ ဘယ်ဆွမ်းခံရင်း တရားဟောရမှာတုံး၊ မဟုတ်ပါဘူး ကွ၊ ဝတ္တရားပျက်ကုန်လိမ့်မယ်…။ (မှန်ပါဘုရား)။

မဟုတ်ဘူးဘုရား၊ အရှင်ဘုရား ဆွမ်းဘုဉ်းပေးရတာ ကြာလှပါပြီ၊ ဘဝများစွာ သံသရာမှာ ဆွမ်းမစားဖူးခဲ့တာ မရှိပါဘူး…။ (မှန်ပါ)၊ မြန်မြန်သာ ဟောပါ…။ (မှန်ပါ)၊ အရှင်ဘုရား ခန္ဓာကိုယ်ကလဲ အနိစ္စ၊ တပည့်တော်တို့ ခန္ဓာ ကိုယ်ကလဲ အနိစ္စ၊ ဒါကြောင့် မြန်မြန်ဟောပါလို့ ပြောဆို တော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တားမြစ်တယ်၊ ဒါရုစိရိယက အမောဆိုက်နေတော့ ဉာဏ်ကလေးက မထက် ဘဲ ဖြစ်နေတယ်…။ (မှန်ပါဘုရား)။

**ညတွင်းချင်း လာတယ်**

သူက ယူဇနာတစ်ရာ့နှစ်ဆယ်ခရီး ညတွင်းချင်းလာခဲ့ရတယ်...။ (မှန်ပါ့)၊ အဲဒီတွင် ဉာဏ်က တိမ်နေတယ်...။ (မှန်ပါ့)၊ ဟို ဝိတက်တွေက ဝင်နေတယ်...။ (မှန်ပါ့ဘုရား)။

ဒီတွင် ဘုရားက ဆိုင်းပါဦးကွဆိုပြီး နောက်တစ်ပြလောက် ဆွမ်းခံသွားပြန်တော့ အရှင်ဘုရား ဟောပါတော့ဘုရား၊ မဖြစ်ဘူးဆိုပြီးသကာလ ဟောခိုင်းတော့လဲ နေပါဦးကွတဲ့၊ အမောက ကောင်းကောင်းမပြေသေးလို့...။ (မှန်ပါ့ဘုရား)။

အမော ကောင်းကောင်းမပြေသေးတော့ ဉာဏ်က ထက်ပါ့မလား...။ (မထက်ပါဘုရား)။

**မြင်တာ, ကြားတာ ဖြစ်ပျက်ရှု**

အဲဒါနဲ့ နောက်သုံးခါကျတော့ ကဲကွာ မင်းသည်ကားလို့ဆိုရင် မြင်တာဖြစ်ပျက်ရှု...(မှန်ပါ့)၊ ကြားတာကို...(ဖြစ်ပျက်ရှုရပါ့မယ်)၊ အေး...အဲဒါ အကုန်ရှုလိုက်လို့ရှိရင်ပြီးတာပါပဲကွဆိုတော့ ဘုရားလဲ ဟောပြီးရော သူလဲ ရှုလိုက်တာပဲ၊ ရှုလိုက်သည်နဲ့တစ်ပြိုင်နက်တည်း မဂ်လေးတန်ကိုခြေထောက်မှီရင်း ရတယ်...။ (မှန်ပါ့)၊ မမြန်ဘူးလား...။ (မြန်ပါတယ်ဘုရား)။

အဲဒါ ဘာတုံးဆိုလို့ရှိရင် ဒကာ ဒကာမတို့ ကဲ... မြင်တာရော,ကြားတာရော,ဘာရော အကုန်လုံးပြီးသကာလ အကုန်သာ ဖြစ်ပျက်ရှုတော့ကွာ ဆိုတော့ ဒီတရားထဲ ပါတယ်...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)၊

**လာသရွေ့ ဖြစ်ပျက်ရှုတာ ဒါရုစီရိယ ဟောနည်း**

လာသရွေ့ကို အကုန် ဘာလုပ်မယ်...(ဖြစ်ပျက်ရှုရပါမယ်)၊ အဲ...လာသရွေ့ ဖြစ်ပျက်ရှုဆိုတော့ ဒကာ ဒကာမတို့ ဒီကိလေသာ အလုပ်ကြီးကော ဆင်းရဲပေးမလို့ လာတာ ဂေဟာ ကျုပ်တို့ကို ကန့်ကွက်နိုင်သေးရဲ့လား...။ (မကန့်ကွက်နိုင်ပါဘုရား)။

သူ လာလို့ရှိရင်, သူ့စကား နားထောင်လို့ရှိရင် ကျုပ်တို့ အလုပ်ရှုည်သွားမယ်...။ (မှန်ပါ)၊ အရနှေးသွားမယ်...။ (မှန်ပါဘုရား)။

အဲဒီတော့ သူ့စကားလဲ နားမထောင်ဘူး၊ တစ်ခါတည်း ကြားထိုးပါ ဖြစ်ပျက်ရှုလိုက်လို့ ဘုန်းကြီးတို့ ပြောတာ၊ ဒါရုစီရိယ ဟောနည်းကို ပြောလိုက်တာ...။ (မှန်ပါဘုရား)။

ဒကာကြွယ် ရိပ်မိပလား...။ (ရိပ်မိပါပြီ)၊ ဦးမာဒင် ရိပ်မိပြီ...။ (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီကပြန်တော့ ထိုင်တာပေါ့ဗျာ...။ (မှန်ပါ့)၊ ထိုင်ကြည့်လိုက်တဲ့အခါကျတော့, လာပြီးတော့ ကြားထိုးတာကတော့ လာမှာပဲ...။ (လာပါတယ်)၊ လာတာ ဘာလုပ်ကြမယ်...။ (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

## ရန်သူဟာ မိတ်ဆွေအဖြစ်နဲ့ အမှုထမ်းတယ်

အဲ...ဖြစ်ပျက်ရှုလိုက်တော့ ပင်ပန်းဖို့ရာ သူက ကျုပ်တို့ကို အဖျက်သဘောနဲ့ လာတာ...။ (မှန်ပါ့)၊ ကျုပ်တို့က အပြုသဘောနဲ့ ရှုကြည့်လိုက်တော့, အဖျက်သဘောက အပြုသဘော ဖြစ်သွားတဲ့အခါကျတော့ ကျုပ်တို့၏ ရန်သူသည် ဟုတ်လား...။ (မှန်ပါ့)။

ရည်ရွယ်ချက်က ရန်သူအဖြစ်နဲ့လာတာ...။ (မှန်ပါ့)၊ ကျုပ်တို့ဆီရောက်တဲ့အခါကျတော့ မိတ်ဆွေအဖြစ်နဲ့ အမှုထမ်းသွားတယ်...။ (မှန်ပါ့ဘုရား)။

ဒီလို လုပ်ပစ်လိုက်လို့ရှိရင် မကြာပါဘူး...။ (မှန်ပါ့)၊ ကဲ...ဒကာ ဒကာမတွေ သဘောပါပလား...။ (ပါ,ပါပြီဘုရား)။

## ချမ်းချမ်းသာသာ ကျင့်ရပြီ

ဒါဖြင့် ကိလေသာကြားထိုးတိုင်း ကြားထိုးတိုင်း ဘာလုပ်မယ်...(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုလိုက်တဲ့အတွက် ဆင်းရဲစွာ ကျင့်ရမှာပလား ဒကာ ဒကာမတို့တဲ့၊ ချမ်းချမ်းသာသာကျင့်ရမှာလား...။ (ချမ်းချမ်းသာသာကျင့်ရမှာပါဘုရား)။

ဟာ...ကိုယ်က နဂိုက ဖြစ်ပျက်ရှုနေတာပဲ၊ သူ ကြားထိုးပေမယ့် သူ့စကားမှ နားမထောင်တော့ ကျုပ်တို့က သူလဲ အရှုခံလာတာပဲ ဆိုပြီး ဖြစ်ပျက်သာရှုလိုက်...။ (မှန်ပါဘုရား)။

အဲဒါ ဉာဏ် ဘယ့်နှယ်ဖြစ်သွားသတုံး...။ (ထက်သွားပါတယ်)၊ ဉာဏ်ထက်ပြီးတော့လဲ ဣန္ဒြေက မရင့်လား...။ (ရင့်ပါတယ်ဘုရား)၊ ပညိန္ဒြေ ရင့်လာတယ်...။ (မှန်ပါ)။

### ဒီနည်းအတိုင်း အမြဲ အားထုတ်ကြပါ

ဒါဖြင့် ချမ်းချမ်းသာသာကျင့်ရ၍ ဟုတ်လား...။ (မှန်ပါ)၊ ဣန္ဒြေရင့်လွယ်သောကြောင့် ဒကာ ဒကာမတို့ စတုတ္ထပုဂ္ဂိုလ်ဖြစ်ရမယ်...(မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီနေ့ အလုပ်ပေးနည်းကို သေသည့်တိုင်အောင် ခင်ဗျားတို့ မမေ့ပျောက်ပါနဲ့...။ (မှန်ပါ)၊ အလွန်အရေးကြီးတဲ့

စကား ဆိုတာလဲ သိလောက်ပါပြီ...။ (သိပါပြီဘုရား)၊ ရှင်းကြပလား...။ (ရှင်းပါပြီဘုရား)။

ကဲ...ယနေ့ ဒီတွင် တော်ကြဦးစို့...။

သာဓု...သာဓု...သာဓု...။